# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၀၈၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်တီထွင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ကျောင်းဆင်းတပ်ခွဲအား စစ်ဆေးစဉ်။

နေပြည်တော်  ဒီဇင်ဘာ  ၂၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၉)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐


**ယနေ့** မာတိကာ

**အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး  စာ - ၁၀

**ကမ္ဘောဒီးယားနိုင်ငံတွင် ကပ်ရောဂါထိန်းချုပ်ပြီးနောက် အထက်တန်းစာမေးပွဲများ ကျင်းပ**

နိုင်ငံတကာသတင်း  စာ - ၁၂

**ကိုဗစ် - ၁၉ ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်နေသည့်အတွက် လေကြောင်းခရီးသွားလာမှုတွင် အဟန့်အတားများ ဖြစ်နေရ**

နိုင်ငံတကာရေးရာ  စာ - ၁၄

# လွတ်လပ်သည့် နိုင်ငံဘဝ မဆုံးရှုံးကြစေရေးအတွက် . . .

၂၀ရာစု ကမ္ဘာ့သမိုင်းကိုကြည့်လျှင် ကမ္ဘာနှင့်ချီသည့် စစ်ကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူသားသန်းပေါင်းများစွာ စစ်ပွဲများအတွင်း သေကျေပျက်စီးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်အခါ ဝါဒချင်းမတူ ဆန့်ကျင်သည့် မဟာအင်အားကြီးနိုင်ငံ နှစ်ခုက ဦးဆောင်သည့် အရှေ့နှင့်အနောက် နိုင်ငံအုပ်စုနှစ်စုတို့အကြား စစ်အေးတိုက်ပွဲဟုခေါ်သည့် အားပြိုင်မှု ဆယ်စုနှစ်များနှင့်ချီ၍ ဖြစ်ပွားခဲ့သည်။ ၂၀ ရာစု၏ နောက်ဆုံး ဆယ်စုနှစ်အတွင်း အရှေ့အုပ်စု နိုင်ငံများမှာ စီးပွားရေးအရရော၊ ဝါဒရေးရာအရပါ ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေများနှင့် လိုက်လျောညီထွေ လိုက်ပါပြောင်းလဲ နိုင်စွမ်း ကင်းမဲ့မှုကြောင့် ရှုံးနိမ့်ခဲ့ရပြီး တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းတို့ကို အခြေခံသည့် ဒီမိုကရေစီသို့ ဘက်ပြောင်းခဲ့ကြသည်။

မျက်မှောက်ကာလသည် ၂၁ ရာစု၏ တတိယမြောက် ဆယ်စုနှစ်သို့ ဝင်ရောက်ခဲ့ပြီဖြစ်ပြီး ကမ္ဘာ့နိုင်ငံရေးမြင်ကွင်းကို ကြည့်လျှင် အုပ်စုဖွဲ့မှု၊ အားပြိုင်မှုတို့က အသစ်အသစ် ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီဟူသော ခေါင်းစဉ်အောက်မှာပင် နိုင်ငံတိုင်းက မိမိတို့၏ အမျိုးသားအကျိုးစီးပွားအတွက် ပေါင်းနုတ်မြှောက်စား တွက်ချက်ကာ အုပ်စုများဖွဲ့၍ အားပြိုင်ရုန်းကန် နေကြရခြင်းဖြစ်သည်။ နိုင်ငံချင်းဆက်ဆံရေးတွင် အချုပ်အခြာအာဏာကို လေးစားခြင်း၊ တန်းတူရည်တူ ဆက်ဆံခြင်း စသည်တို့မှာ လောကဝတ်သဘောအရသာဖြစ်ပြီး အင်အားကသာ အဓိကဖြစ်သည်မှာ ပကတိ အမှန်တရားပင်ဖြစ်သည်။ ၂၀ ရာစုကမ္ဘာ့စစ်ပွဲကြီးများ အပြီး ပြောင်းလဲလာသည့် စံနှုန်းများနှင့် တန်ဖိုးများအရ လူသားတို့၏ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးတို့က ရှေ့တန်းသို့ ရောက်လာသည်။ ကျေးကျွန်ပြုမှု ၊ ကိုလိုနီနယ်ချဲ့မှုတို့သည် အတိတ်ကာလက အမှားများအဖြစ် ခဝါချလိုက်ကြပုံလည်းရသည်။ သို့ရာတွင် အင်အားကြီး တို့၏ ဗီဇသဘောမှာ ဖျောက်မရသည့်အလျောက် ဗိုလ်ကျစိုးမိုးရေး ဝါဒနှင့် ကြီးနိုင်ငယ်ညှဉ်းဝါဒတို့က အစားထိုးဝင်ရောက်လာသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်လပ်ရေးရရှိခဲ့သည့် တတိယ ကမ္ဘာ့နိုင်ငံငယ်အများစုတို့မှာ ကိုလိုနီအရင်းရှင် နယ်ချဲ့ဝါဒအပေါ် နာကြည်းသည့် စိတ်အခံရှိကြသည့်အလျောက် လက်ဝဲဝါဒများအပေါ် တိမ်းညွတ်ခဲ့ကြပြီး လွတ်လပ်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိချိန်တွင် ကွန်မြူနစ်၊ ဆိုရှယ်လစ် စသည့်စနစ်များကို ကျင့်သုံးခဲ့ကြကာ မျက်မှောက်ကာလတွင်မူ ဈေးကွက်စီးပွားရေးစနစ် အပြောင်းအလဲတွင် အောင်မြင်သူများ၊ မအောင်မြင်သူများ၊ အချို့လည်း အရေးနိမ့်နေသော နိုင်ငံများအဖြစ်ဖြင့် ရုန်းကန်နေကြရသည်။ ကမ္ဘာ့နိုင်ငံများစွာ တို့မှာ ဆင်းရဲနွမ်းပါးမှု၊ စီးပွားရေးနိမ့်ကျမှု၊ စားနပ်ရိက္ခာမဖူလုံမှု၊ သန့်ရှင်းသော သောက်သုံးရေလိုအပ်မှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ ကပ်ရောဂါများ ကျရောက်မှု စသည်တို့နှင့် ရင်ဆိုင်နေကြရသည်နှင့် တစ်ချိန်တည်းမှာပင် ကုန်သွယ်မှုဆိုင်ရာ အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အကူအညီနှင့် ချေးငွေ စသည့် အခွင့်အလမ်းတို့ အလို့ငှာ အင်အားကြီးနိုင်ငံများနှင့် နောက်လိုက် အုပ်စုနိုင်ငံများတို့နှင့် လိုက်လျောညီထွေစွာ ဆက်ဆံကြရသည်။

ရာစုသစ်တွင် ကိုလိုနီနယ်ချဲ့ဝါဒသည် ၁၉ ရာစုခေတ်ကကဲ့သို့ စစ်သင်္ဘောများဖြင့် အမြောက်ပစ်ဖောက်ဝင်ရောက်လာတော့မည် မဟုတ်တော့။ ကြိုးဆွဲရာကရသည့် ရုပ်သေးရုပ်သဖွယ်ဖြစ်အောင် စီးပွားရေး၊ ငွေရေးကြေးရေး၊ အတွေးအခေါ်၊ ယဉ်ကျေးမှု စသည်ဖြင့် ဘက်ပေါင်းစုံမှ လွှမ်းမိုးစေမည်ဖြစ်သလို အင်အားချည့်နဲ့နေစေရေး အတွက်လည်း နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ကင်းမဲ့နေအောင်၊ စည်းလုံးညီညွတ်မှု ပြိုကွဲနေအောင်၊ တစ်ဦးနှင့်တစ်ဦး သံသယအငြိုးဖြင့် မုန်းတီးနေအောင်၊ ဘာသာ သာသနာ ယဉ်ကျေးမှု ပျက်စီးနေအောင် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ကြမည်ဖြစ်သည်။ လွတ်လပ်ပြီးသော နိုင်ငံဘဝ မပျက်စီး မဆုံးရှုံးစေရန်မှာ နိုင်ငံအတွင်း တစ်သွေးတည်း၊ တစ်သားတည်း စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အစွမ်းကုန်ကြိုးပမ်းခြင်းဖြင့် အင်အားတောင့်တင်းခိုင်မာစေရန်သာ ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## လွတ်လပ်ရေးနေ့ မမေ့နိုင်စရာ ခိုင်သစ္စာ

❉ တစ်ကိုးလေးရှစ်
အစစ်အမှန်    လွတ်လပ်သံကို
နဘံမိုးဖျား    တိမ်ယံကြားထိ
မြန်သားပြည်သူ    များဗိုလ်လူတို့
အတူတကွ    ရယူကြခဲ့
သာစွမြန်ပြေ    ပန်းပေါင်းဝေတည်။

❉ ဤသို့လွတ်လပ်    ပန်းမြတ်တော်ဝင်
ရွှေသဇင်ကို    ပန်ဆင်ရဖို့
ငါတို့ဘိုးဘွား    ညီနောင်များ၏
သွေးသားအသက်    ရင်းနှီးဆက်ခဲ့
မေ့ရက်စရာ    မရှိပါတည့်။

❉ လွတ်လပ်ရေးအမွေ    တည်တံ့စေဖို့
မသွေဆက်ဆက်    ညီညာယှက်၍
တွဲလက်ခိုင်ခိုင်    မယိမ်းယိုင်ဘဲ
စီးခိုင်ယိုဖိတ်    မျိုးချစ်စိတ်ဖြင့်
မမှိတ်မသုန်    စောင့်ရှောက်ကုန်လော့။

❉ ငါတို့တာဝန်    စဉ်ကျေပွန်အောင်
ချည်နှောင်သတိ    ဖွဲ့ရှိရှိဖြင့်
တိုင်းသိပြည်ကုန်    ကြိုးပါကုန်လော့။

❉ အမျိုးဂုဏ်တက်    လန်းရွှင်လျက်သာ
ဤကမ္ဘာဝယ်    ထည်ဝါတင့်ကြောင်း
စုပေါင်းလုံ့လ    စွမ်းဆောင်ကြအံ့
မြန်မာ့အနာဂတ်    ခိုင်ခိုင်မတ်မည်
လွတ်လပ်ရေးနေ့အဓိဋ္ဌာန်။

❉ တိုင်းလုံးပြည်ရွာခြိမ့်ခြိမ့်ညံ။

❉ မြန်မာ့အောင်လံ ဒို့အောင်လံ။

(၇၄-နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုလျက်)

ဘိုမျိုး(ရွှေဘို)

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်(မြို့နယ်အဆင့်) ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ကျောင်းကုန်း ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ (၇၄)နှစ် မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ကျပန်းစကားပြော ပြိုင်ပွဲသို့ ကျောင်းကုန်းမြို့နယ် အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင် အထက်တန်း ကျောင်းများမှ အထက်တန်း ဆင့်ပြိုင်ပွဲဝင် ၂၁ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး အထက်တန်းကျောင်းအုပ် ဆရာကြီး ဆရာမကြီးများက အကဲဖြတ် အမှတ်ပေးခဲ့ကြသည်။ ဆုရရှိကြသူများကို ဒီဇင်ဘာလကုန်၌ ကြေညာပေးမည်ဖြစ်သည်။

ဝင်းကြိုင်(ပြန်/ဆက်)





# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိက ပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား သင်တန်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။

❐ *ရွှေဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး စည်သူ မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ချီတက်အလေးပြု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် သင်တန်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်အား အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

### ဆုများ အသီးသီးပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၉)မှ အကောင်းဆုံး သင်တန်းသားဆု ရရှိသူ သင်တန်းသား မင်းကိုကိုခန့်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသား ကျော်တိုးနှင့် စာပေ ထူးချွန်ဆုရရှိသူ သင်တန်းသား ဟိန်းသက်စိုးတို့အား ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၆)မှ အကောင်းဆုံး သင်တန်းသူဆုရရှိသူ သင်တန်းသူ သဥ္ဇာထွေး၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ အေးအေး မျိုးနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ဇွန်ဖူးငုံ တို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

**“မိမိတို့တပ်မတော် လျှောက်လှမ်းခဲ့သည့် သမိုင်းစဉ်တစ်လျှောက်တွင် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင် တပ်မတော်သား သူနာပြုများသည် အထက်မှပေးအပ်သည့် တာဝန်၊ ဝတ္တရားများကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့၊ နိုင်ငံတော်၏ အချုပ်အခြာ အာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် စစ်ဆင်ရေး ပေါင်းများစွာတွင် တပ်မတော်သားသူနာပြုများသည် ဆေးအကာအကွယ်ပေးရေး တာဝန်များကို စွန့်စွန့်စားစား လိုက်ပါထမ်းဆောင်ခဲ့ကြပြီး စစ်ဆင်ရေး တာဝန်ကို ရဲစွမ်းသတ္တိအပြည့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များဖြစ်သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ တစ်ဦး၊ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ကိုးဦး ရှိခဲ့ပြီးဖြစ်”**

### လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် က သင်တန်းဆင်း မိန့်ခွန်းပြောကြားရာတွင် **“ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော် အတွက် လိုအပ်သော လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်”** ဟူသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ လေ့ကျင့် သင်ကြားပေးလျက်ရှိရာတွင် သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေး ပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြု သိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက် ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး)ရရှိသူ စုစုပေါင်း ၅၀၀၀ ကျော်ကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

### အတွေ့အကြုံများနှင့်ပေါင်းစပ်

အမိတက္ကသိုလ်မှ စစ်မြေပြင်တွင် ခြေလျင်တပ်စု တစ်စုကို ဦးဆောင်တိုက်ပွဲဝင်နိုင်စေရန် စစ်ပညာရပ် များကို လေ့ကျင့်ပေးခဲ့သကဲ့သို့ ဆေးပညာရပ်တွင် လည်း စစ်မြေပြင်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ

*စာမျက်နှာ ၄ သို့*



# အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် အနောက်တိုင်းဆေးပညာရပ်များကို လေ့လာဆည်းပူးနေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည်လည်း အများပြည်သူ အားကိုးအားထားရသည့် ပညာရပ်တစ်ခု ဖြစ်ခြင်းကြောင့် ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ လုပ်ဆောင်နေရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၁၉)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



*စာမျက်နှာ ၃ မှ*

နည်းပညာကျွမ်းကျင်သူပညာရှင်များ ဖြစ်သည်အထိ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သင်ကြားပေးသည့် ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်ကရရှိလာမည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး **"ကျွမ်းကျင်ကူညီ ဆေးစစ်သည်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားမိသားစုဝင်များ၊ တိုင်းရင်းသားပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

### စွန့်စွန့်စားစား လိုက်ပါထမ်းဆောင်

မိမိတို့ တပ်မတော် လျှောက်လှမ်းခဲ့သည့် သမိုင်းစဉ်တစ်လျှောက်တွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် တပ်မတော်သားသူနာပြုများသည် အထက်မှပေးအပ်သည့်တာဝန်၊ ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန် စစ်ဆင်ရေးပေါင်းများစွာတွင် တပ်မတော်သားသူနာပြုများသည် ဆေးအကာအကွယ်ပေးရေး တာဝန်များကို စွန့်စွန့်စားစား လိုက်ပါထမ်းဆောင်ခဲ့ကြပြီး စစ်ဆင်ရေးတာဝန်ကို ရဲစွမ်းသတ္တိအပြည့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်လက်မှတ်များဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ တစ်ဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ကိုးဦး ရှိခဲ့ပြီးဖြစ်ကြောင်း။

### တပ်မတော်နှင့်နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့

ထို့ပြင် ကမ္ဘာ့သူနာပြုလောကတွင် အမြင့်ဆုံးဆုဖြစ်သော မြန်မာ့ပထမဆုံး ဖလောရင့် နိုက်တင်ဂေးဆုရှင် ဗိုလ်မှူး ဒေါ်ခင်အုန်းမြသည်လည်း သူနာပြုအတတ်ပညာစွမ်းရည်ဖြင့် တပ်မတော်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ထိုသို့စွမ်းရည်ရှိသည့် တပ်မတော်သူနာပြုများ၏ စွမ်းဆောင်မှုများကို စံနမူနာယူပြီး ကောင်းမြတ်သည့် သူနာပြုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### ရှေ့တန်းကျကျ ပါဝင်ထမ်းဆောင်

မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို အခြားနိုင်ငံများနည်းတူ ခံစားရချိန်တွင် တပ်မတော်သားများသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ငွေအား၊ လူအား၊ စိတ်ဓာတ်ခွန်အားများဖြင့် ရသမျှအထောက်အကူပြုပစ္စည်းမျိုးစုံကို အသုံးပြုပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ထိုသို့ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် တပ်မတော်ဆေးမှူး ပါရဂူဆရာဝန်များနှင့်အတူ သူနာပြုတပ်ဖွဲ့ဝင်များသည်လည်း ရှေ့တန်းကျကျ ပါဝင်ထမ်းဆောင်ခဲ့ကြကြောင်း။

### တီထွင်ကြံဆလုပ်ဆောင်နေရမည်

အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် အနောက်တိုင်းဆေးပညာရပ်များကို လေ့လာဆည်းပူးနေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးပညာရပ်သည်လည်း အများပြည်သူ အားကိုးအားထားရသည့် ပညာရပ်တစ်ခုဖြစ်ခြင်းကြောင့် ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်ထုတ်လုပ်နိုင်ရေး တီထွင်ကြံဆ လုပ်ဆောင်နေရမည်ဖြစ်ကြောင်း။

### ကောင်းမွန်မှန်ကန်စွာအသုံးချ

တိုင်းရင်းဆေးဝါး ဖော်စပ်မှုအပိုင်းတွင်လည်း စစ်မှန်ပြီး အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးကုန်ကြမ်းပစ္စည်းများကို ရွေးချယ်အသုံးပြုခြင်းနှင့် ဆေးဝါးအရည်အသွေးကို ထိန်းသိမ်းနိုင်စေရန်အတွက် ဖော်စပ်မှုအဆင့်တိုင်းတွင် အရည်အသွေးဆိုင်ရာ ခတ်ခွဲစမ်းသပ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ **"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"** ဟူသည့် ဆိုရိုးစကားအတိုင်း မိမိတို့နိုင်ငံတွင်လည်း ဆေးဝါးထုတ်လုပ်နိုင်သည့် ဆေးဖက်ဝင် သစ်ပင်မျိုးစုံနှင့် သစ်ဥသစ်ဖုများသည် နိုင်ငံအနှံ့အပြားပေါက်ရောက်လျက်ရှိခြင်းကြောင့် တာဝန်ကျရာဒေသအသီးသီးတွင်ရှိသည့် ဆေးဖက်ဝင်အပင်မျိုးစုံကို မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာအသုံးချပြီး သုတေသနလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

### စဉ်ဆက်မပြတ် လေ့လာသင်ယူနေမည်

ယနေ့ခေတ် နိုင်ငံတကာဆေးပညာနယ်ပယ်တွင် Telemedicine နည်းပညာကို စစ်မြေပြင်ဆေးပညာ (Military Medicine)အဖြစ် ထိရောက်တွင်ကျယ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ Telemedicine ဆိုသည်မှာ ရုပ်သံဆက်သွယ်မှုနည်းပညာများကို အသုံးပြုပြီး ဝေးကွာသောဒေသများသို့ ဆေးအကာအကွယ်ပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာ ကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်၏စစ်မြေပြင် ဆေးပညာနယ်ပယ်နှင့် အရိုးရောဂါကုသမှု နယ်ပယ်များတွင်လည်း Telemedicine နည်းပညာကို ခေတ်နှင့်အညီ အသုံးပြုလျက်ရှိသောကြောင့် ပြောင်းလဲတိုးတက်နေသည့် ဆေးဘက်ဆိုင်ရာ နည်းပညာရပ်များကို သိရှိနားလည်ပြီး လက်တွေ့အသုံးချနိုင်သူများဖြစ်ရန် စဉ်ဆက်မပြတ် လေ့လာသင်ယူနေမည်ပင်ဖြစ်ကြောင်း။

တပ်မတော်သားဘဝကို ခံယူပြီးဖြစ်သည့် အတွက်ကြောင့်လည်း စစ်ဘက်ဥပဒေအပြင်နယ်ဘက်ဆိုင်ရာ ဥပဒေများကိုပါ လေးစားလိုက်နာပြီး

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သူနာပြုနှင့် ဆေးဘက်ပညာသိပွဲဘွဲ့သင်တန်း အမှတ်စဉ်(၁၉)မှ အကောင်းဆုံး သင်တန်းသားဆုရရှိသူ သင်တန်းသား မင်းကိုကိုခန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပွဲဘွဲ့ သင်တန်းအမှတ်စဉ်(၆)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ သဥ္ဇာထွေးအား ဆုပေးအပ်ချီးမြှင့်စဉ်။

- **တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိပြီး တပ်မတော်၏အားကို တပ်မတော်အတွင်း၌ပင် အခြေခံတည်ဆောက်သွားရမည်**
- **တပ်မတော်သားများနှင့် မိသားစုဝင်အားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များ တူမည်ဆိုပါက စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်**

*စာမျက်နှာ ၄ မှ*

သူနာပြုနှင့် ဆေးဘက်ပညာသည်များဖြစ်သောကြောင့် ဆေးဘက်ဆိုင်ရာကျင့်ထုံးဥပဒေများကိုပါ လိုက်နာရမည့်နည်းတူ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာကိုလည်း သာမန်ထက်ပိုပြီး စောင့်ထိန်းသွားကြရမည်ဖြစ်ကြောင်း၊ စစ်သည်တော်ကောင်းတစ်ဦးဖြစ်လာစေရေး စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံအောင် ပြုမူကျင့်ကြံပြီး သူနာပြုများခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြုကတိသစ္စာ ၉ ချက်နှင့်အညီ စောင့်ထိန်းလိုက်နာကာ နိုင်ငံတော်နှင့် တပ်မတော်က ဂုဏ်ယူအားထားရသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြစ်စေရေး စောင့်ထိန်းလိုက်နာ ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

**မှန်မှန်ကန်ကန် ဖြည့်ဆည်းပေးရမည်**

တပ်မတော်၏ သမိုင်းစဉ်တစ်လျှောက်တွင် ပြည်ပကျူးကျော်သူများနှင့် ဖောက်ပြန်သည့်နိုင်ငံရေးအင်အားစုများသည် တပ်မတော်ကို ဖြိုခွဲရန် အကြိမ်ကြိမ် ကြံစည်ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ဘဲ တပ်မတော်၏ စည်းလုံးညီညွတ်မှုသာ မှတ်ကျောက်တင်ခံနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိပြီး တပ်မတော်၏ အားကိုတပ်မတော်အတွင်း၌ပင်အခြေခံတည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်အားလုံးအကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များတူမည်ဆိုပါက စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုကို စိတ်ဓာတ်ဖြင့်သာ တည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း၊စိတ်ဓာတ်ကောင်းမွန်စေရေး တစ်ဦးချင်း စည်းကမ်းလိုက်နာစောင့်ထိန်းမှုကောင်းမွန်ရန် အရေးကြီးကြောင်း၊ လိုက်နာရန်လိုအပ်သည်များကို လိုက်နာပြီး စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ပြီး မိမိ၏လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း။

**ဗွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်**

**"ကျွမ်းကျင်ကူညီ ဆေးစစ်သည်"** ဟူသည့် ကြွေးကြော်သံနှင့်အညီ တပ်မတော်သား မိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သူများဖြစ်စေရေး ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်တီထွင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်မီတပ်မတော် တည်ဆောက်ရာတွင် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပြီး သူနာပြုနှင့် ဆေးဘက်ပညာဆိုင်ရာ အထူးကျွမ်းကျင်သူများဖြစ်လာစေရေး မဆုတ်မနစ်သော ဗွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် သင်တန်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

**မိဘများအနေဖြင့် ဂုဏ်ယူဝမ်းမြောက်နေကြမည်**

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သင်တန်းကာလ ၄ နှစ်တာကာလတစ်လျှောက်လုံး ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသည့်အတွက် ဝမ်းမြောက်အသိအမှတ်ပြုကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေ စည်းကမ်းသတ်မှတ်ချက်များအရ မိဘများအနေဖြင့် အခမ်းအနား တက်ရောက်နိုင်ခဲ့ခြင်း မရှိသော်လည်း မိဘများအနေဖြင့် ဂုဏ်ယူဝမ်းမြောက်နေကြမည်ပင်ဖြစ်ကြောင်း၊ မိဘများအနေဖြင့်လည်း သာမန်ဝန်ထမ်းများနှင့် အခြေခံမိသားစုများဖြစ်သည်ကို တွေ့ရှိရပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြု အမှာစကား ပြောကြားစဉ်။

*စာမျက်နှာ ၅ မှ*

အခက်အခဲများကြားမှ ပြုစုပျိုးထောင်ပေးခဲ့ရမည်ကို နားလည်စာနာမိပါကြောင်းနှင့် မိဘများ၏ ကျေးဇူးကို ပြန်ဆပ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း သင်တန်းကာလ ၄ နှစ်တာကာလပတ်လုံး စစ်သားကောင်းများဖြစ်လာစေရန်၊ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများဖြစ်လာစေရန် စစ်ပညာ၊ စာပေပညာတို့ကို အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် သင်ကြားပေးခဲ့သည်ဖြစ်သဖြင့် မိမိတို့သင်ယူခဲ့ရသည့် ပညာရပ်များကို အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို စစ်သားကောင်းပီသစွာဖြင့် ထမ်းဆောင်ရန်လိုကြောင်း၊ **မိဘများအနေဖြင့် ပြောဆိုဆုံးမနေခြင်းသည် သားသမီးများ၏ ဘဝကောင်းမွန်ရေးကိုလိုလားမှုကြောင့်သာ ဖြစ်သကဲ့သို့ တပ်မတော်က စည်းကမ်းတင်းကျပ်စွာဖြင့် ထိန်းကျောင်းကြပ်မတ်နေခြင်းမှာလည်း တပ်မတော်သားတိုင်း၏ ဘဝတစ်လျှောက်လုံး စည်းကမ်းစနစ်တကျဖြင့် နေထိုင်ကျင့်ကြံဖြတ်သန်းပြီး လူနေမှုဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် မိဘ၊ တိုင်းပြည်နှင့် တပ်မတော်အတွက် အဖိုးတန်လူသားအရင်းအမြစ်များ နစ်နာမှုမရှိစေရန် ထိန်းသိမ်းနေခြင်းဖြစ်သည်ကို** နားလည်သဘောပေါက်ရန် လိုကြောင်း။

### သင့် ၄ သင့်ကို လိုက်နာ

တပ်မတော်သားတို့၏ ဘဝနှင့် ဆေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် တာဝန်ထမ်းဆောင်ရန် ရွေးချယ်တက်ရောက်ခဲ့သူများဖြစ်သည့်အတွက် ရှေ့ဆက်လက် လျှောက်လှမ်းရမည့် ဘဝခရီးတွင် စစ်သားကောင်းတစ်ယောက်ပီသစွာ နေထိုင်သွားရန်နှင့် တတ်မြောက်ထားသည့် ဘာသာရပ်များအလိုက် တပ်မတော်နှင့် ပြည်သူတို့ကို အလုပ်အကျွေးပြုကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထူးချွန်စွာသင်တန်းဆင်းခဲ့သူများဖြစ်သဖြင့် ဘဝတိုးတက်မှု၊ အောင်မြင်မှုတို့အတွက် အခွင့်အလမ်းများစွာရှိပြီး ပညာများကို ဆက်လက်လေ့လာသင်ယူဆည်းပူး၍မိမိတို့နယ်ပယ်အလိုက် နာမည်ကောင်းရရှိပြီး ထူးချွန်သူများ၊ ကိုယ်ရည်ကိုယ်သွေးရှိသူများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း၊ **မိမိစိတ်ကို အလိုမလိုက်ဘဲ သွားသင့်သည့်နေရာကိုသာ သွားရန်၊ ပေါင်းသင့်သည့်သူကိုသာပေါင်းရန်၊ လုပ်သင့်သည့်အလုပ်ကိုသာ လုပ်ရန်နှင့် ပြောသင့်သည်ကိုသာ ပြောရန်ဟူသည့် သင့် ၄ သင့်ကို လိုက်နာသွားကြရန် လိုအပ်မည်ဖြစ်**ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၁၉)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၆)တို့မှ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၁၉) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၆)တို့မှ သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။




### ခန့်အပ်လွှာ ပေးအပ်

အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်၌ နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူ တစ်ဦး ချင်းစီအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်လွှာ ပေးအပ်သည်။ **(အပေါ်ပုံ)**

### အမှာစကား ပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့၊ ကျောက်မဲမြို့၊ ပင်လောင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ဝ ဒသမ ၇၉ လက်မနှင့် မြိတ်မြို့တွင် ဝ ဒသမ ၅၁ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၇**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ပညာရေးအဖွဲ့အစည်းအဝေးကျင်းပပြီး ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြသည်။

**အစီအစဉ်အတိုင်း ဆောင်ရွက်**

ယင်းနောက် မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများကို ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာဌာနမှူးများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့ ၅၂ ဦး၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ လေးဦး၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ) ခုနစ်ဦး၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ငါးဦး၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ငါးဦး၊ ခြေတုလက်တုနှင့် အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ နှစ်ဦး စုစုပေါင်း ၇၅ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၁၅ ဦးကို အဝေးရောက် ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းကာ ဘွဲ့နှင့် လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာ ဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုသည်။ ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဘွဲ့များအပ်နှင်းပေး**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင်အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ရာ ယနေ့အထိ သူနာပြုပါရဂူဘွဲ့ ၂၄ ဦး၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၄၁ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၄၂၀၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့ ၁၈၄ ဦး၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး) ၁၁၃ ဦး၊ ဆေးဘက်ဆိုင်ရာအသံလွန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာဘွဲ့ ၁၆ ဦး၊ အထူးကြပ်မတ် သူနာပြုစုမှု ဒီပလိုမာဘွဲ့ ၂၂ ဦး၊ ခွဲစိတ်ခန်းသူနာပြုစုမှု ဒီပလိုမာဘွဲ့ ၆၅ ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၃၂၁၆ ဦး၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ ၂၁၃ ဦး၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ ၆၂၆ ဦး စုစုပေါင်း ၅၁၄၀ တို့ကို ဘွဲ့များအပ်နှင်းပေးခဲ့ပြီး ဖြစ်သည်။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ နည်းပြအရာရှိများ နိုင်ငံတကာအဆင့်မီအတတ်ပညာများ ရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ခဲ့ရာ ၁၉၉၈ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့ အတွက် သင်တန်းသူ တစ်ဦး၊ ၁၉၉၉ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူ နှစ်ဦး၊ ၂၀၀၁ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် သင်တန်းသူ နှစ်ဦးနှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် သင်တန်းသူ ရှစ်ဦးတို့ကို ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့ စေလွှတ်ပညာသင်ကြားစေခဲ့ပြီး အဆိုပါသင်တန်းသူ ၁၃ ဦးကို အဆိုပါတက္ကသိုလ်မှ ဘွဲ့အပ်နှင်းသည့်အခမ်းအနားကို ၂၀၀၄ ခုနှစ်တွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။ အလားတူ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့ တက်ရောက်သင်ယူစေခဲ့ရာ ခြောက်ဦးအောင်မြင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ Air Langer University တွင် သူနာပြု ဘွဲ့လွန်သင်တန်းကို နှစ်ဦး တက်ရောက် အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခရမ်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ခရမ်း ဒီဇင်ဘာ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆိုသည့် ဆောင်ပုဒ်ဖြင့် ပန်းခင်းစီမံချက်အရ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအရည်အချင်း ပြည့်မီသူတိုင်း နိုင်ငံသားစိစစ်ရေးကတ် ရရှိရေးနှင့် အိမ်ထောင်စုစာရင်းရရှိရေး အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်က ခရမ်းမြို့နယ် မောင်းမကျေးရွာတွင် ခရမ်းမြို့နယ် ဦးစီးမှူး ဦးမောင်မောင်သန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပန်းခင်းစီမံချက်ဆောင်ရွက်ရာတွင် လက်ရှိဇာတိ၌ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအား ဆောင်ရွက်ပေးခြင်း စသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

မောင်းမကျေးရွာတွင် ကျေးရွာနေ ပြည်သူများနှင့် အထက (မောင်းမ)အထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၄၂ ဦးတို့ကို ခရမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သန်း၊ အထက (မောင်းမ)ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း( ခရမ်း )**






## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## သစ်တောဖုံးလွှမ်းမှု ပိုမိုတိုးတက်လာအောင် ဆောင်ရွက်

သစ်တောများကို ပြန်လည်ထိန်းသိမ်း၍ မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှု ၄၁ ရာခိုင်နှုန်းမှ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သစ်တောများကို မူလအခြေအနေအထိ ပြန်လည်ရောက်ရှိအောင် ကြိုးစားထိန်းသိမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ မြေကိုအကျိုးရှိစွာ အသုံးချနိုင်ရန် မြေယာစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ သွင်းကုန်လိုင်စင်နှင့်ပတ်သက်သည့် ပြောင်းလဲမှုများကို ဆောင်ရွက်သွားမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ကုန်သွယ်ရေးစခန်းများနှင့် ပို့ကုန်သွင်းကုန်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် တာဝန်ခံများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် (၆)လ တစ်ခါအလှည့်ကျ တာဝန်ထမ်းဆောင်ခြင်းဖြစ်၍ အတွေ့အကြုံရှိသည့် အရာထမ်းများကို စေလွှတ်ထားခြင်းဖြစ်ကြောင်း၊ ယခုကာလသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း လျော့နည်းနေသော်လည်း ကျန်းမာရေးကိစ္စကို အထူးသတိထားရန်လိုကြောင်း၊ မိမိသွားရောက်ရမည့်စခန်း၏ နယ်မြေလုံခြုံရေးကိစ္စများမှာလည်း အထူးအရေးကြီးပါကြောင်း၊ မိမိစခန်းအတွင်း ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ အထက်သို့တင်ပြရန်လိုကြောင်း၊ ကုန်သွယ်ရေးစခန်း၊ ပို့ကုန်သွင်းကုန်ရုံးများသို့ သွားရောက်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိဌာန၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ ပြောင်းလဲဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများအား သိရှိနားလည်သဘောပေါက်အောင် လေ့လာထားရန်လိုအပ်ကြောင်း၊ တွေ့ကြုံရသည့်အခက်အခဲများကို အထက်အကြီးအကဲများသို့ တင်ပြရန်လိုကြောင်း၊ OSS တွင် ပါဝင်သည့်ဌာနများနှင့် စုပေါင်းဆောင်ရွက်ရမည့် ကိစ္စများကို အပြန်အလှန်သတင်းပေးပို့ စုပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ဆောင်ရွက်မည့် သွင်းကုန်လိုင်စင်နှင့်ပတ်သက်သည့် ပြောင်းလဲထားရှိမှုများကို အကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကုန်သည်များဘက်မှလည်း နစ်နာမှုများ မရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်များနှင့်ပတ်သက်၍လည်း နောက်ဆုံးပြောင်းလဲထားသည့် မူဝါဒများအတိုင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း နှင့် နိုင်ငံတော်မှချမှတ်ထားသည့် ကုန်သွယ်မှုပမာဏ ပြည့်မီကျော်လွန်စေရေး အထူးအလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တက္ကသိုလ်များဗဟိုစာကြည့်တိုက်နှင့် စာတမ်းဖတ်ပွဲများ လှည့်လည်ကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ရက္ခဗေဒဌာနနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဗဟိုဌာနတို့တွင် ကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ (၂၁) ကြိမ်မြောက် သုတေသနညီလာခံ စာတမ်းဖတ်ပွဲများကို လှည့်လှည်ကြည့်ရှုသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပေစာ၊ ပုရပိုက်များ ထိန်းသိမ်းထားမှုကို ကြည့်ရှုစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက် ဥပဓိရုပ်ကောင်းမွန်ရေး၊ ပေစာ၊ ပုရပိုက်များ ကြာရှည်ခံအောင် ထိန်းသိမ်းရန်အတွက် Scanner စက်ပစ္စည်းများ ဖြည့်ဆည်းရေး၊ ပရိဘောဂများ ဖြည့်ဆည်းရေး၊ ဒစ်ဂျစ်တယ်စာကြည့်တိုက် အဆင့်မြှင့်တင်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တက္ကသိုလ် ရက္ခဗေဒဌာနနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဗဟိုဌာနတို့တွင် ကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ (၂၁) ကြိမ်မြောက် သုတေသနညီလာခံစာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များ သုတေသနစာတမ်းဖတ်ကြား ဆွေးနွေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဗဟိုဌာနတွင် ဖွင့်လှစ်ထားသော ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းပညာဌာနနှင့် ပတ်ဝန်းကျင်ရေးပညာဌာနတို့ရှိ သုတေသနညီလာခံခန်းမများ၊ သုတေသနဆွေးနွေးပွဲခန်းမငယ်များ၊ သုတေသနဓာတ်ခွဲခန်းများနှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အိုဗ်ဒိုင်း၊ မောင့်၊ ပူလီဆစ် တို့ဦးဆောင်ကာ ဗီလာအသင်းကို ရင်ဆိုင်လာခဲ့သည်။ ဗီလာအသင်းအနေဖြင့် တုံ့ပြန်ကစားပုံ ကောင်းမွန်ခဲ့သော်လည်း ချယ်ဆီးအသင်း၏ မာကျောသည့်ခံစစ်နှင့် ထက်မြက်သည့် တိုက်စစ်ကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ယခုပွဲစဉ်တွင် ဦးဆောင်ဂိုးကို ချယ်ဆီးအသင်းမှ ရီစီဂျိမ်းစ်က ပွဲချိန် ၂၈ မိနစ်တွင် ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့၍ ဗီလာအသင်းက ရရှိခဲ့သည်။ သို့သော်လည်း ပွဲချိန် ၃၄ မိနစ်တွင် ချယ်ဆီးအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး ဂျော်ဂျင်ဟိုက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် ပထမပိုင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ချယ်ဆီးအသင်းသည် ကစားအားကျလာသည့် ချာလိုဘာ့ဂ်ကို အနားပေးကာ တိုက်စစ်မှူး လူကာကူကို ထည့်သွင်းအသုံးပြုခဲ့သည်။ ပွဲချိန် ၅၆ မိနစ်တွင် ချယ်ဆီးအသင်း ဒုတိယဂိုးရရှိခဲ့ပြီး လူစားဝင်ကစားသမား လူကာကူက သွင်းယူပေးခဲ့သည်။ ဗီလာအသင်းသည် ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း အသင်းကစားသမားများ အဆုံးသတ်မသေချာမှုကြောင့် ဝေးကွာခဲ့ရသည်။ ပွဲချိန်ပြည့်ခါနီးတွင် ချယ်ဆီးအသင်း ပယ်နယ်တီထပ်မံကန်သွင်းခွင့်ရရှိခဲ့ပြီး ဂျော်ဂျင်ဟိုကပင် သွင်းယူပေးနိုင်ခဲ့သည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက လက်စတာကို ခြောက်ဂိုး-သုံးဂိုး၊ အာဆင်နယ်က နော့ဝှစ်ကို ငါးဂိုး- ဂိုးမရှိ၊ စပါးက ပဲလေ့စ်ကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သလို ဝက်စ်ဟမ်းနှင့် ဆောက်သမ်တန်အသင်းတို့ ပွဲစဉ်တွင်လည်း ဆောက်သမ်တန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# ကိုဗစ်-၁၉ ရောဂါအတွက် ပြင်ဆင်ထားရန်အရေးကြီးသကဲ့သို့ အရေးပေါ်ဆေးကုသမှုနှင့် ပုံမှန်ဆေးကုသမှုလုပ်ငန်းများကိုလည်း အားဖြည့်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ချစ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်) ဆောက်လုပ်ရခြင်း၏ရည်ရွယ်ချက်၊ ဖွင့်လှစ်ပြီးစီးပါက ဆောင်ရွက်နိုင်မည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံအား သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင် လုပ်ငန်းအပြီးသတ်ဆောင်ရွက်နိုင်ရေး၊ လာမည့်နှစ်ဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ရန် တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တန်ဖိုးကြီးမားသည့် စက်ပစ္စည်းများကို မပျက်စီးရန် ထိန်းသိမ်းသွားရမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကိုလည်း အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေရေး အဆင့်ဆင့် ကြီးကြပ်သွားရန်လိုအပ်ကြောင်း၊ ဓာတ်ခွဲစစ်ဆေးမှုအပိုင်းတွင်လည်း နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အရည်အသွေးပြည့်မီပြီး လုံခြုံစိတ်ချရသည့် အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ပြည်သူလူထုထံသို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ရောက်ရှိသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို အမြန်ဆုံးဝန်ဆောင်မှုပေးနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်သွားရန် လိုအပ်ကြောင်း မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆောက်အအုံဝင်းအတွင်းသို့ လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။ **(အပေါ်ပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်းများနှင့် အထူးကြပ်မတ်ကုသဆောင်များ ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ နောက်ထပ်လှိုင်းအတွက် ပြင်ဆင်ရာတွင် ဆေးဝါး၊ ဆေးပစ္စည်း၊ အောက်ဆီဂျင်နှင့် လူနာခုတင်များ အလုံအလောက်စီစဉ်ထားရှိရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအတွက် ပြင်ဆင်ထားရှိရန် အရေးကြီးသကဲ့သို့ အရေးပေါ်ဆေးကုသမှုလုပ်ငန်းများနှင့် ပုံမှန်ဆေးကုသမှုလုပ်ငန်းများကိုလည်း အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆေးရုံ၏ဆေးကုသရေးလုပ်ငန်းများ အပြည့်အဝဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ကန်ထရိုက်စနစ်ဖြင့်ငှားရမ်း၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအကျိုးကိုရှေးရှု၍ ဝန်ကြီးဌာနသို့ အလုပ်တာဝန် ပြန်လည်ထမ်းဆောင်လိုသည့် ဌာနကင်းကွာ ဝန်ထမ်းများကိုလည်း ဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ပြန်လည်လက်ခံပေးလျက်ရှိပါကြောင်း၊ ဆေးပညာဘွဲ့လွန်သင်တန်းများ၏ စာမေးပွဲများ ကျင်းပလျက်ရှိပြီး ဘွဲ့ကြိုသင်တန်း (နောက်ဆက်တွဲ) သင်တန်းများကိုလည်း ဖွင့်လှစ်ထားရှိကာ လာမည့်နှစ်ဆန်းပိုင်းတွင် ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) သင်တန်းများလည်း ဆက်လက် ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ယခုထက်ပိုမိုကောင်းမွန်စွာဖြင့် စေတနာရှေ့ထားကာ ကြိုးစားဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းပြည်ငြိမ်းချမ်းမှ တိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ငြိမ်းချမ်းရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နေပြည်တော်ရှိ လီဆူတိုင်းရင်းသားများကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



အခမ်းအနား မစတင်မီ ပြည်ထောင်စုဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် ဧည့်သည်တော်များက ဝန်ကြီးဌာနမြေညီထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံရှိ အဓိကလူမျိုးကြီးရှစ်စုနှင့် သက်ဆိုင်သည့်ပြကွက်များ၊ တိုင်းရင်းသားမျိုးနွယ်စု ၅၀ နှင့် သက်ဆိုင်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာတူရိယာများနှင့် အသုံးအဆောင်ပစ္စည်းပြခန်းများကို ကြည့်ရှုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသည် အရေးကြီးကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းမှ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ပြည်သူများလည်း စားဝတ်နေရေး ပြေလည်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တိုးတက်ရေးအတွက် ခေါင်းဆောင်မှု၊ မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုတို့ အဓိကကျကြောင်း၊ ထို့အတူ မေတ္တာတရား ထားရှိခြင်းသည်လည်း အရေးကြီးကြောင်း။

နိုင်ငံ၏ရာဇဝင်သမိုင်းကြောင်းကိုသိမှ နိုင်ငံကိုထိန်းသိမ်းစောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများ မပပျောက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၊ ပြည်သူများအားလုံး တန်းတူညီမျှ အခွင့်အရေးရရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စုပေါင်းဆောင်ရွက်မှုရှိပါက အရာရာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်ဝင်းခိုင်၊ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကို၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် လီဆူတိုင်းရင်းသားများ၏ကိုယ်စားလှယ် ဦးဇယ်ဒေါင်(ခ)လာအားဆာတို့က တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်




**နေပြည်တော် ဒီဇင်ဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြဝတီကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီတစ်ခု၊ ယာဉ်တစ်စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ်တစ်စီးဖြင့် ၂၀ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရှိရသည်။ အောက်စီဂျင်(အရည်) Bowser ယာဉ်တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

ဦးအောင်

**မြန်မာနိုင်ငံသည် ဘီစီ ၃ ရာစုခန့်မှစ၍ ပဒေသရာဇ်နိုင်ငံများ ထူထောင်ပြီး ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်လူမျိုးနှင့် အုပ်ချုပ်နေထိုင်လာခဲ့ခြင်းဖြစ်သည်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက် နှစ်ပေါင်းထောင်နှင့်ချီ၍ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် အထင်ကရ ရပ်တည်လာခဲ့သည်။**

ရှေးဟောင်းပုရာဏ်ကျမ်းအရ ဘီစီ – ၆၀၀ ခန့်ကပင် မြန်မာတို့သည် မြို့ပြနိုင်ငံများ တည်ထောင်ခဲ့ကြပြီး မြန်မာမင်းများ စတင်ပေါ်ထွန်းရာဒေသသည် တကောင်းဟုဆိုသည်။ မှန်နန်းရာဇဝင်အရ တကောင်းပြည်ကို မဇ္ဈိမမှ လာရောက်သော အဘိရာဇာမင်းဆက်၊ ပထမမင်းဆက် ၃၃ ဆက်နှင့် ဒုတိယမင်းဆက် ၁၇ ဆက် စုစုပေါင်းမင်းဆက် ၅၀ ရှိခဲ့သည်ဟု ဆိုပါသည်။

ဇမ္ဗူကွန်ချာ(ပေမူ)အရ မြန်မာ့မြေပေါ်တွင် မင်းပေါင်း ၁၃၉၃ ပါးအုပ်စိုးခဲ့သည့် မြို့ပြနိုင်ငံငယ်များရှိသည်ဟု ဆိုသည်။

ရှေးဟောင်းမြို့ကြီးများမှာ ဗိဿနိုးဖြစ်ပြီး နှစ်ပေါင်း ၂၂၀၀ ခန့်က ပေါ်ထွန်းခဲ့သော ရှေးဟောင်းမြို့ကြီးဖြစ်သည်။ သရေခေတ္တရာ(ပျူမြို့တော်) ယခုပြည်မြို့၏ အရှေ့တောင်ဘက် ငါးမိုင်အကွာ မှော်ဇာရွာအနီးတွင် ရှိသည်။ အခြားပျူမြို့များလည်း ရှိသေးသည်။ ပျူတို့၏ မြို့များသည် ခရစ်နှစ်အစပိုင်းလောက်ကပင်ရှိသည်ဟု သမိုင်းဆရာများက ယူဆကြသည်။ ဟန်လင်းမြို့၊ ဝေသာလီ(ရခိုင်)နှင့် သုဝဏ္ဏဘူမိ (မွန်) စသည်ဖြင့် နှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့်အတူ အထင်အရှား တည်ရှိခဲ့ကြသည်။

## မြန်မာလူမျိုး

မြန်မာလူမျိုးတို့၏ သမိုင်းအစသည် လွန်ခဲ့သော နှစ်သန်း ၄၀ ကပင်စခဲ့သည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လူသားဖြစ်ပေါ်မှုရှေးအကျဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော သမိုင်းကြောင်းရှည်လျားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းကို မြန်မာပြည်အလယ်ပိုင်း ပုံတောင်ဒေသမှ ရှာဖွေတူးဖော်ရရှိထားသည့် သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၄၀ ရှိသော လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြလျက်ရှိပေသည်။

ယင်းလူတူပရိုင်းမိတ်ကျောက်ဖြစ် ရုပ်ကြွင်းများသည် ကမ္ဘာ့မည်သည့်နိုင်ငံဒေသကမှ ရောက်ရှိလာခြင်းမဟုတ်ဘဲ ပုံတောင်ဒေသတွင်ပင် လွန်ခဲ့သော နှစ်သန်း ၄၀ ခန့်မှစ၍ အဆင့်နိမ့် ပရိုခီမီယံပရိုင်းမိတ်ဘဝမှ အဆင့်မြင့် လူတူပရိုင်းမိတ်များအဖြစ်သို့ တိုးတက်ပြောင်းလဲကာ အသိဉာဏ်ရှိသော ခေတ်သစ်လူသားများအဖြစ် ဤမြန်မာ့မြေပေါ်၌ပင် ရှင်သန်ပေါက်ဖွားခဲ့ကြရာမှ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ စဥ့်ခေတ် စသည်ဖြင့် ခေတ်အဆက်ဆက် မြန်မာပြည်အနှံ့ ရေကြည်ရာ မြက်နုရာဒေသတွင် မြို့ပြနိုင်ငံငယ်များ တည်ထောင်နေထိုင်ခဲ့ကြသူများဖြစ်သည်။

ယခုအခါ ဆင့်ကဲပြောင်းလဲမှု ဖြစ်စဉ်အရ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုး အဖြစ်ဖြင့် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ စစ်ကိုင်း၊ ပင်းယ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်စသည့် ခေတ်စဉ်များ တစ်လျှောက်တွင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခံ့ညားထည်ဝါစွာ နေထိုင်ခဲ့ကြသည်။

မျက်မှောက်ကာလရှိ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ သုဝဏ္ဏဘုမ္မိ၊ မိုင်းမော၊ တကောင်း၊ ပုဂံ၊ အင်းဝ၊ဟံသာဝတီစသည့်ရှေးဟောင်းမြို့ကြီးများက မြန်မာတို့၏ ကြီးမြတ်မှုကို သာဓကပြလျက်ရှိသည့် အပြင် မိမိတို့နိုင်ငံမှတွေ့ရှိရသော လူတူပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများသည် အီဂျစ်နိုင်ငံနှင့် အခြားနိုင်ငံများတွင် ရှာဖွေတွေ့ရှိထားသော လူတူပရိုင်းမိတ်များထက် နှစ်ခုနှစ်သန်းပို၍ ရှေးကျကြောင်း ကမ္ဘာ့သုတေသီများက လက်ခံထားကြပြီးဖြစ်၍ လူသားအစမြန်မာကဟူ၍လည်း ဂုဏ်ယူဝင့်ကြွားနိုင်သည့် ဇာတိပုညဂုဏ်မာနနှင့် လူမျိုးဖြစ်သည်။



လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်း ပဲခူးမြို့၌ လူထုအား မိန့်ခွန်းပြောကြားစဉ်။

**✻ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့အချိန်ကာလရောက်လာတိုင်း လွတ်လပ်ရေးနှင့်ပတ်သက်သည့် သမိုင်းကြောင်းနှင့်အစဉ်အလာများကို ပြန်လည်ဖွင့်ချအသိပေးနေရသည်မှာ လွတ်လပ်ရေးကို နောင်လာနောက်သားတို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး လွတ်လပ်ရေးနှင့် ထိုက်တန်သည့်နိုင်ငံဖြစ်အောင် တည်ဆောက်ရေးအတွက် မမေ့မလျော့ရှိကြစေရန်ဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်သည် ရင်နှင့်စရာမဖြေသာသည့် ဥဒါန်းမကျေနိုင်သော သမိုင်းတစ်ခုဖြစ်သည်**

မြန်မာဟူသော ဝေါဟာရသည် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းကိုသာ ရည်ညွှန်းကိုယ်စားပြုသော ဝေါဟာရမဟုတ်၊ တိုင်းရင်းသားလူမျိုးအားလုံးကို လွှမ်းခြုံခေါ်ဝေါ်သော ဝေါဟာရဖြစ်သည်။

မြန်မာဟူသောဝေါဟာရ၏အနက်ကို ကုန်းဘောင်မင်းဆက်ရာဇဝင် ဆရာဦးမောင်မောင်တင် ပြုစုသော ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် “ မြန်” သဒ္ဒါမှာ စစ်ချီစစ်တက်ခြင်းမှစ၍ ခက်ခဲသောအရေးအကြောင်းနှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ ဤအရေးကို ပြီးစီးအောင်မြင်ရန် ဇဝနဉာဏ်၊ တဇ်ဇာပ္ပတ္တိဉာဏ်တို့ဖြင့် လျင်မြန်စွာ ကြံစည်တတ်သော သတ္တိဂုဏ်နှင့်ပြည့်စုံခြင်းဟူ၍လည်းကောင်း၊ “မာ” သဒ္ဒါမှာ မည်သည့်အရာ ကိစ္စမဆို လိုရာဆန္ဒအာသီသ နှလုံးသွင်းအတိုင်း ပေါက်မြောက်အောင် မလျော့သောလုံ့လဖြင့် ဇာတိသွေး၊ ဇာတိမာန်၊ ခက်ထန် တင်းမာသော စိတ်ရင်းသတ္တိဂုဏ်နှင့် ပြည့်စုံခြင်းဟူ၍ လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြန်မာအဘိဓာန်အကျဉ်းချုပ် အတွဲ(၃)တွင် မြန်မာနိုင်ငံ၌ နှစ်ကာလရှည်စွာ အစဉ်အဆက်ပျံ့နှံ့လျက် အတူတကွ အခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုးဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

## လွတ်လပ်ရေးဆုံးရှုံးခဲ့ခြင်း

ဤသို့ကမ္ဘာ့အလယ်တွင် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ဝင့်ထည်စွာ ရပ်တည်နေလာခဲ့ရာမှ ဗြိတိသျှကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့၏လက်အောက်သို့ ကျရောက်ခဲ့ရဖူးသည်။

## လွတ်လပ်ရေး ပြန်လည်ရရှိခြင်း

ခေတ်အဆက်ဆက်မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေး မြောက်မြားစွာ ဆုံးရှုံးခဲ့ပြီးနောက် မျိုးချစ်မြန်မာ့သူရဲကောင်းတို့၏ ကျေးဇူးကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံတော်ကြီး ဖြစ်လာခဲ့လေသည်။

ကျွန်ုပ်တို့ပြန်လည်ရရှိခဲ့သော လွတ်လပ်ရေးသည် လွယ်လွယ်ပေါပေါရရှိခဲ့ခြင်းကား မဟုတ်ပေ။ မြန်မာ့သမိုင်းတစ်လျှောက် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို တိုက်ပွဲအမျိုးမျိုး ဆင်နွှဲခဲ့ကြ၊ ကြိုးပမ်းခဲ့ကြကာ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် မည်မျှထက်သန်သည်ကို ပြသခဲ့ကြသည်။

## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်ထာဝရ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး

နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့အချိန်ကာလရောက်လာတိုင်း လွတ်လပ်ရေးနှင့် ပတ်သက်သည့် သမိုင်းကြောင်းနှင့်အစဉ်အလာများကို ပြန်လည်ဖွင့်ချအသိပေးနေရသည်မှာ လွတ်လပ်ရေးကို နောင်လာနောက်သားတို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး လွတ်လပ်ရေးနှင့် ထိုက်တန်သည့် နိုင်ငံဖြစ်အောင် တည်ဆောက်ရေးအတွက် မမေ့မလျော့ရှိကြစေရန်ဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်အဖြစ်သည် ရင်နှင့်စရာ မဖြေသာသည့် ဥဒါန်းမကျေနိုင်သောသမိုင်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးသမိုင်းစဉ်တစ်လျှောက်လုံးတွင် တိုင်းရင်းသားတို့၏ စုစည်းညီညွတ်သော စွမ်းအားဖြင့် အမိမြေအတွက် တိုက်ပွဲဝင်ခဲ့ကြသည်မှာ သမိုင်းမော်ကွန်း အထင်အရှားရှိခဲ့သည်။လွတ်လပ်ရေးရပြီးနောက် အေးချမ်းသာယာသော လူ့ဘောင်၌ နေကြရသည့် နှောင်းခေတ်မြန်မာတို့၏ လွတ်လပ်ရေးအသိမှာ ကိုယ်တိုင်မခံစားရဘဲ သိရှိမှတ်သားခြင်းမှ ရရှိသော သာမန်အသိမျှသာဖြစ်သည်။ သို့ဖြစ်သောကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရပုံ၊ တိုင်းရင်းသားပြည်သူမိဘဘိုးဘွားတို့ အသက်၊ သွေး၊ ချွေး အမြောက်အမြားပေးဆပ်၍ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ရပုံတို့ကို သိရှိပြီး မမေ့မပျောက်စေရန် အကြိမ်ကြိမ်အခါခါ မပြတ် သတိပေးနေရခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ဘေးဘိုးဘီဘင်များ မွန်မြတ်စွာ ရယူပေးခဲ့သော တန်ဖိုးကြီးမားလှသည့် လွတ်လပ်ရေးအမွေကို မပျောက်ပျက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရပေမည်။

မျက်မှောက်ကာလ ကိုလိုနီလက်သစ်ဝါဒီတို့၏ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် ဖိအားပေးမှုများကိုလည်း မပြတ်သောသတိ၊ နိုးကြားသော အသိတို့နှင့်အတူ ဘေး၊ ဘိုး၊ ဘီ၊ ဘင်များ လက်ဆင့်ကမ်းပေးခဲ့သော မျိုးချစ်စိတ်ဓာတ်ဖြင့် မျက်ခြည်မပြတ် သတိမလစ်စေဘဲ စောင့်ကြည့်ကာကွယ် တွန်းလှန်ဖယ်ရှား၊ ချေမှုန်းတိုက်ဖျက်ပစ်ကြရပေမည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် ထိုနိုင်ငံ၏ အရေးကိစ္စအဝဝကို သက်ဆိုင်ရာနိုင်ငံသားတို့၏သဘောဆန္ဒဖြင့် ပြင်ပပယောဂ ဩဇာလွှမ်းမိုးမှုမပါဘဲ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်သော အခွင့်အာဏာပင်ဖြစ်သည်။ ပြင်ပပယောဂဩဇာ လွှမ်းမိုးခြင်းခံနေရသော နိုင်ငံသည် အချုပ်အခြာအာဏာဖြစ်သော ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် အုပ်ချုပ်ရေး (စီမံခန့်ခွဲရေး) အာဏာတစ်ရပ်ရပ် ဆုံးရှုံးနေပြီး လွတ်လပ်ရေး၏အရသာကို အပြည့်အဝခံစားနိုင်မည်မဟုတ်ချေ။ ထိုကဲ့သို့ ဖြစ်နေပါက ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းအားဖြင့် ကျွန်ပြုခြင်းခံနေရပြီဟု မှတ်ရပေမည်။

## တက်ညီလက်ညီဝိုင်းဝန်းကူညီ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည်မှာ နှစ်ပေါင်း ၇၄ နှစ်ရှိပြီဖြစ်သည်။ လူ့သက်တမ်း တစ်ခုစာမျှ ကြာမြင့်ခဲ့သည့် ဤနှစ်သစ်ကူး အခါသမယတွင် လွတ်လပ်ရေးနှင့် ထိုက်တန်သော နိုင်ငံ၊ လွတ်လပ်သောနိုင်ငံသားများနှင့် ထိုက်တန်သော ဘဝများကို ဖန်တီးတည်ဆောက်နိုင်ခဲ့ခြင်းရှိ၊ မရှိ ပြန်လည်သုံးသပ်ကြည့်ကြရန်ဖြစ်သည်။

ထိုကုန်ဆုံးခဲ့သည့်ကာလအတွင်း လူတိုင်းလူတိုင်းသည် တန်ဖိုးရှိသော လူ့ဘဝများကို ဖန်တီးတည်ဆောက်နိုင်ခဲ့ကြမည်ဆိုလျှင် ယနေ့ကာလတွင် ငြိမ်းချမ်းသာယာဝပြောသော လောကနိဗ္ဗာန်ကြီးပင် ပေါ်ထွန်းနေလောက်ပေပြီ။ ထိုသို့ ပေါ်ထွန်းလာစေရန်မှာ ဗြဟ္မစိုရ်တရားလေးပါး၊ လောကပါလတရားများနှင့်အညီ ကျင့်ကြံနေထိုင်လုပ်ကိုင်ကြရန် လိုအပ်ပေလိမ့်မည်။ လူတစ်ဦးချင်းစီ၊ အဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့် လောဘ၊ ဒေါသ၊

*စာမျက်နှာ ၁၁ သို့*

# ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အားကစားနှင့် ကာယပညာဦးစီးဌာန ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ် (၂/၂၀၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်စေရန် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဘတ်ဂျက်ရေးဆွဲရာတွင် အခြေခံရမည့် အချက်အလက်များကို သိရှိနားလည်ပြီး ဘတ်ဂျက်ကျော်လွန်သုံးစွဲမှု မဖြစ်စေရေးနှင့် အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်ကလည်း အထူးကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ဘဏ္ဍာရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ဆက်လက် ကျင်းပလျက်ရှိသော ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲယှဉ်ပြိုင်နေမှုများနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)ရုံ၌ ကျင်းပလျက်ရှိသော ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❖ *ကျောဖုံးမှ*

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကျေးလက်ဒေသများအထိ အားသွန်ခွန်စိုက် ကျယ်ပြန့်စွာ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၂၇ ရက်အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေ ၁၃ ဒသမ ၄၅ သန်းကို နှစ်ကြိမ်အပြည့်ထိုးနှံပေးခဲ့ပြီး ၅ ဒသမ ၅၄ သန်းကို တစ်ကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်နှင့်အထက် ထိုးနှံပြီးသည့် အသက်(၁၈) နှစ်နှင့်အထက်ရှိသူ စုစုပေါင်း ၁၉ သန်းခန့်ရှိပြီ ဖြစ်သောကြောင့် ရည်မှန်းလူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီး ဖြစ်သည်။ ထို့အပြင် အခြေခံပညာကျောင်းများတွင် အသက် (၁၂)နှစ်နှင့်အထက် အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁ ဒသမ ၂၈ သန်းကို နှစ်ကြိမ်အပြည့် ထိုးနှံပေးခဲ့ပြီး ၁၈၉၁၀၄ ဦးကို တစ်ကြိမ် ထိုးနှံပေးခဲ့ပြီး ဖြစ်သည်။ လာမည့် ၂၀၂၂ ခုနှစ်တွင်လည်း ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုကောင်းမွန်အောင် သတ်မှတ်ဦးတည်အုပ်စုများအလိုက် ဆက်လက်ထိုးနှံပေးသွားမည် ဖြစ်သည်။



**အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသော Covishield ကိုဗစ်-၁၉ ကာကွယ်ဆေးများအား သယ်ယူနေစဉ်။**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ ၃၇ ဒသမ ၇ သန်းနှင့် လှူဒါန်းမှုမှ ၁၁ ဒသမ ၉၆ သန်းခန့် စုစုပေါင်း ၄၉ ဒသမ ၆၆သန်းခန့် ရရှိပြီးဖြစ်သည်။

မိဘပြည်သူများအနေဖြင့် မိမိအတွက် ရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မပျက်မကွက် အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်း၊ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှု ရရှိထားသူများအနေဖြင့်လည်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို သတ်မှတ်ရက် (သို့မဟုတ်) အနီးဆုံး သတ်မှတ်ကာလအတွင်းတွင် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များသို့သွားရောက်၍ ထိုးနှံမှုခံယူခြင်းနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းတော်မြို့နယ်၌ တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့

**အင်းတော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်းသီးနှံ (သီးထပ်/သီးညှပ်) စိုက်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာ ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ စတုတ္ထပတ်က အင်းတော်မြို့ စိုက်ပျိုးရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်က ဆောင်းသီးထပ်စိုက်ဧကများ ပြည့်မီစွာ စိုက်ပျိုးနိုင်ရန်နှင့် မျိုးကောင်း မျိုးသန့်များ သုံးစွဲစိုက်ပျိုးသွားကြရန်၊ ဒုတိယဦးစီးမှူး ဦးသာဆန်းက ရေဆင်းစပ်မျိုး နေကြာ-၁ များကို စနစ်တကျ စိုက်ပျိုးသွားကြရန် ဆွေးနွေးသည်။

ထို့နောက် တောင်သူများအား အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် မြို့နယ်ဦးစီးမှူးတို့က ဆောင်းသီးနှံသီး ထပ်စိုက်ပျိုးနိုင်ရေးအတွက် ရေဆင်းစပ်မျိုးနေကြာ-၁၊ ရေဆင်း၈ (ကုလားပဲမျိုး)၊ ရေဆင်း- ၆(ပဲပုပ်မျိုး)၊ စားတော်ပဲ ဒေသမျိုးများနှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးကြောင်း သိရသည်။

**လူအောင်(ကသာ)**

*စာမျက်နှာ ၁၀ မှ*

မေတ္တာ၊ မာန်မာနများကို လျှော့ချကာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့နှင့် မေတ္တာစိတ်၊ ယုံကြည်စိတ်တို့ဖြင့် အာဃာတမထား၊ အမုန်းမပွားဘဲ ပေါင်းသင်းဆက်နွှယ် ဆက်ဆံနေထိုင်ကြခြင်းဖြင့်သာ ကောင်းမွန်သောလောကသစ်ကြီး တည်ဆောက်နိုင်မည်ဖြစ်သည်။

ထိုသို့သော လောကသစ်ကြီး(ဝါ)လောက နိဗ္ဗာန်သစ်ကြီး(ဝါ)ငြိမ်းချမ်းသာယာဝပြောသော လောကီလူ့ဘောင်ကြီး တည်ဆောက်နိုင်ရန် ဤလူ့ဘောင်တွင် လောကပါလတရားထွန်းကားပြီး သင်္ဂဟတရားလေးပါး၊ သမ္မဒါတရားလေးပါးတို့နှင့်အညီ အစိုးရနှင့်ပြည်သူလူထုတို့က တက်ညီလက်ညီ အတူတကွကြိုးပမ်းအားထုတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက် (၉) ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ပြီး ပြည်သူလူထု၏အကျိုးစီးပွားကို ဖော်ဆောင်လျက် အာမခံချက်ပေးနိုင်အောင် လောကပါလတရားများနှင့်အညီ အင်တိုက်အားတိုက် အားကြိုးမာန်တက်ဆောင်ရွက်နေသည့်အတွက် ထိုလုပ်ငန်းများ ပေါက်မြောက်အောင်မြင်အောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍမှ တက်ကြွစွာပါဝင်၍ တက်ညီလက်ညီ ဝိုင်းဝန်းကူညီ ပံ့ပိုးလုပ်ဆောင်ပေးကြရန် လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်ပေးခြင်းဖြင့် ငြိမ်းအေးသာယာ၊ စိတ်ချမ်းမြေ့ဖွယ်ရာကောင်းသော လောကီလူ့ဘောင်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာမည်မှာ မလွဲကေန် အမှန်ဖြစ်သည့်အပြင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် စည်းလုံးညီညွတ်သည့်တစ်ခုတည်းသော နိုင်ငံတော် ကာကွယ်ရေးအင်အားစုကြီးလည်း ဖြစ်တည်ပေါ်ပေါက်လာမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ပြည်တွင်းမှ ပြည်ပအားကိုး ပုဆိန်ရိုးတို့၏ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့ကို ဖျက်လိုဖျက်ဆီးပြုလုပ်နေကြသည့် အဖျက်အမှောင့်လုပ်ရပ်များကို မပြတ်သောသတိ၊ ဝီရိယ၊ လုံ့လတို့ဖြင့် ဝိုင်းဝန်းတိုက်ဖျက်ချေမှုန်းပစ်ကြရန် အထူးလိုအပ်သည်။ သို့မှသာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းလာမည်ဖြစ်သည်။

### လူငယ်တို့အတွက် မေတ္တာစကား

လူငယ်များသည် ယနေ့လူငယ် နောင်ဝယ် လူကြီးဆိုသည့် စကားအတိုင်း တစ်ချိန်တွင် တိုင်းပြည်အနာဂတ်ကို လူကြီးများထံမှ ပခုံးပြောင်းတာဝန်ယူရမည့်သူများ ဖြစ်သည်။ လူငယ်ကောင်းမှ တိုင်းပြည်အနာဂတ်လည်း ကောင်းမွန်တင့်တယ်မည်ဖြစ်သည်။ လူငယ်များသည် တိုင်းပြည်၏ ရတနာ၊ လူမျိုး၏ ဇမ္ဗူရစ် ရွှေစင်များဖြစ်ကြသည့်အလျောက် လူကြီးနှင့်လူလတ်များက ၎င်းတို့ လမ်းမှားမရောက်အောင် လက်တွဲခေါ်ယူ၍ အသိပညာ၊ အတတ်ပညာ၊ မေတ္တာတို့ကို မျှဝေပေးကြရန် လိုအပ်ပါသည်။

လူငယ်များအနေဖြင့်လည်း မိမိတို့ဘဝတိုးတက်ရာတိုးတက်ကြောင်းတို့ကို ဆောင်ရွက်ရန် အချိန်အခါကောင်းဖြစ်သဖြင့် ကိုယ်ရွေးချယ်သင်ယူနေသော အသိပညာ၊ အတတ်ပညာများသင်ယူရင်း အချိန်ယူပြီး အသိပညာတိုးတက်စေမည့် စာကောင်းပေမွန်များကို ဘဝအတွက် ရည်ရွယ်၍ ဖတ်မှတ်လေ့လာကြရမှာဖြစ်သည်။ စာဖတ်ခြင်းသည် ဗဟုသုတကြွယ်ဝစေပြီး အမှားအမှန်ကို ကွဲပြားခြားနားစွာ သိရှိစေမည်ဖြစ်သလို ရည်ရွယ်ချက်ပန်းတိုင်ကို သွားသည့်ခရီးတွင် ဖွဲ၊ သတ္တိနှင့် စိတ်ရှည်သည်းခံစိတ်များပြားတိုးတက်စေမည် ဖြစ်သည်။ ထို့ပြင် မိသားစုတာဝန်၊ နိုင်ငံသားကောင်းတစ်ယောက်၏ စိတ်ဓာတ်နှင့် တာဝန်များကိုလည်း သဘောပေါက်နားလည်လာစေမည်ဖြစ်သည်။

အထူးသဖြင့် မြေပေါ်မြေအောက် နိုင်ငံရေးသမားအချို့၏ နိုင်ငံ၏အကျိုးအတွက် မဟုတ်သော သွေးထိုးလှုံ့ဆော်မှုများကို လွဲမှားစွာမခံယူမိရန်နှင့် ၎င်းတို့၏အသုံးချခံနယ်ရုပ်များ မဖြစ်စေရန် သတိရှိနေကြရပေမည်။ အနာဂတ်ကာလတွင် နိုင်ငံတာဝန်ကို ပခုံးပြောင်းယူရသည့်အခါ မိမိတို့တာဝန်ယူရသည့်နယ်ပယ်အသီးသီးတွင် စံပြပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားလုပ်ကိုင်ကြရန်နှင့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင်လည်း ရှေ့တန်းမှပါဝင်သူများဖြစ်စေလိုပါသည်ဟု မေတ္တာစကားပါးလိုက်ရပါကြောင်းဖြင့်(၇၄)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲသဘင်ကြီးကို ကြိုဆိုဂုဏ်ပြု ရေးသားတင်ပြလိုက်ရပါသတည်း။ ။

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းရှိ ဆည်အချို့ပျက်စီး

**ရီယိုဒီဂျနေးယိုး ဒီဇင်ဘာ ၂၇**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်နေသည့်အတွက် ထောင်နှင့်ချီသည့် ဒေသခံများမှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ရသည်။

ဘဟီးရာပြည်နယ်ရှိ ဆည်နှစ်ခုမှာ သီတင်းပတ်အကုန်ပိုင်းတွင် ပျက်စီးခဲ့ရသည်။ မြစ်များတွင် ရေများပြည့်လျှံနေခဲ့ပြီး နောက်ထပ်ပျက်စီးမှုများ ကြုံတွေ့လာနိုင်သည့်အန္တရာယ်များနှင့်လည်း ကြုံတွေ့နေရသည်။

လမ်းများတံတားများတွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်နေသည်ကို ဗီဒီယိုရိုက်ကူးမှုတွင် တွေ့ရှိခဲ့ပြီး လူများ အသက်ကယ်လှေများပေါ်တွင် လိုက်ပါလာသည်ကိုလည်း တွေ့မြင်နေရသည်။ ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ရေကြီးမှုကြောင့် အနည်းဆုံးလူ ၁၇ ဦးထက်မနည်းသေဆုံးခဲ့ရသည်ဟုလည်း ဒေသခံများက ပြောသည်။

ထောင်နှင့်ချီသည့်ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ဖိအားပေးခံရပြီး လူပေါင်း ၄၀၀၀၀၀ မှာ ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရကြောင်း ဘဟီးရာပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

ဒေသခံတစ်ဦးကမူ ယခုလိုအဖြစ်အပျက်မျိုး တစ်ခါမျှကြုံတွေ့ခဲ့ဖူးခြင်းမရှိဟု ပြောသည်။ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးမှုများပိုမိုဖြစ်ပေါ်လာနိုင်သည့်အတွက် အစားသောက်များ၊ အဝတ်အထည်များနှင့် အခြားသောအကူအညီများကို ပေးပို့သွားမည်ဟုလည်း ဒေသခံအာဏာပိုင်များက ပြောသည်။

**အင်န်အီတ်ချ်ကေ**



ဘရာဇီးနိုင်ငံတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

# ပါကစ္စတန်တွင် ပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၇**

ပါကစ္စတန်နိုင်ငံတွင် ပစ်ခတ်မှုနှစ်ခုကြောင့် လူ ရှစ်ဦးသေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာများတွင် ဒီဇင်ဘာ ၂၇ ရက်က ဖော်ပြကြသည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း ခိုင်ဘာ ပတ်တွန် ခဝါ ပြည်နယ် တွင် အုပ်စုနှစ်စု ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူငါးဦးထက်မနည်းသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

ပါကစ္စတန် တောင်ပိုင်းမြို့ ကရာချိမြို့တွင် ပစ်ခတ်မှုကြောင့် လူသုံးဦးထက်မနည်းသေဆုံးပြီး နှစ်ဦးမှာ ပြင်းပြင်းထန်ထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ပစ်ခတ်ခံရသူများကို ဆေးရုံများသို့ပို့ဆောင်ပေးခဲ့ပြီး ကုသမှုများပြုလုပ်ခဲ့သည်ဟု ကယ်ဆယ်ရေးလုပ်သားများက ပြောသည်။ ရဲများကမူ ပစ်ခတ်မှုများကို ဆက်လက်စုံစမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ပါးစပ်၊ နှာခေါင်းစည်းတပ်ထားသည့် ကမ္ဘောဒီးယားကျောင်းသူများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားနိုင်ငံတွင် ကပ်ရောဂါထိန်းချုပ်ပြီးနောက် အထက်တန်းစာမေးပွဲများ ကျင်းပ

**ဖနောင်ပင် ဒီဇင်ဘာ ၂၇**

အထက်တန်းပညာရေးပြီးဆုံးသည့်စာမေးပွဲကို ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူပေါင်း ၁၁၄၁၈၃ ဦး ပါဝင်ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ် -၁၉ ကူးစက်မှုများကို ထိန်းချုပ်မှုအောက်ထားရှိပြီးနောက် ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စာမေးပွဲဖြေဆိုသူများနှင့် စာမေးပွဲစစ်ဆေးသူများသည် တင်းကျပ်သည့်ကိုဗစ် -၁၉ စည်းကမ်းချက်များကို လိုက်နာရမည်ဖြစ်ပြီး ပါးစပ်၊ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်းနှင့် အပူချိန်တိုင်းတာမှုများကိုလည်း လုပ်ဆောင်မည်ဖြစ်သည်။

ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်သည့်အနေဖြင့် လူအချင်းချင်း ခပ်ခွာခွာနေသည့် စည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်သည်။ ကာဇက်စတန်မှ တိုင်းပြည်အတွင်းသို့ ပြန်လာသည့် ကျောင်းသားနှစ်ဦးတွင်လည်း ကိုဗစ် – ၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ပြီးခဲ့သည့် နှစ်အတွင်းကလည်း ကပ်ရောဂါကြောင့် အစိုးရသည် ဂရိတ် ၁၂ ကျောင်းသားများကို စာမေးပွဲဖြေဆိုခြင်းမရှိဘဲ အောင်မြင်ခွင့်ပေးခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ယခုအချိန်ထိ ကိုဗစ် -၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးပြီးသူ ၁၄ ဒသမ ၂၄ သန်းရှိပြီး နှစ်ကြိမ် ကာကွယ်ဆေး ထိုးပြီးသူ ၁၃ ဒသမ ၆၂ သန်းရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အီသီယိုးပီးယားနိုင်ငံတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၉၄၆ ဦး ထပ်မံတွေ့ရှိ

**အဒစ္စအဘာဘာ ဒီဇင်ဘာ ၂၇**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အီသီယိုးပီးယားနိုင်ငံတွင် ကိုဗစ် – ၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၉၄၆ ဦးထပ်မံတွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူ ၃၉၈၆၉၆ ဦး ရှိလာသည်ဟု ဒီဇင်ဘာ ၂၆ ရက်တွင် တိုင်းပြည်၏ ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ယင်းနေ့တွင်ပင် ကိုဗစ် -၁၉နှင့်ဆက်စပ်ပြီးသေဆုံးသူ လေးဦးရှိပြီး ပြန်လည် ကျန်းမာလာသူ ၈၅၆ ဦးရှိကြောင်း သိရသည်။ အီသီယိုးပီးယားနိုင်ငံသည် အာဖရိက၏ ဒုတိယအကြီးဆုံး လူဦးရေထူထပ်သည့်နိုင်ငံဖြစ်ပြီး အရှေ့အာဖရိကဒေသတွင် ကိုဗစ်– ၁၉ ကူးစက်မှုအများဆုံးဖြစ်သည်။

ကာကွယ်ဆေးထိုးသည့်အစီအစဉ်ကို အင်တိုက်အားတိုက် လုပ်ဆောင်လျက်ရှိပြီး ကာကွယ်ဆေးအလုံးရေ ၁၀၈၅၂၇၈၄ လုံး ထိုးနှံပြီးကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆွေမျိုးသားချင်းထဲမှ အမျိုးသားတစ်ဦးအဖော်မပါဘဲ အာဖဂန်အမျိုးသမီးများ ခရီးထွက်ခွာခွင့်မရ

**ကဘူးလ် ဒီဇင်ဘာ ၂၇**

အာဖဂန်နစ္စတန်တွင် အမျိုးသမီးများ ခရီးသွားလာသည့်အခါ ဆွေမျိုးသားချင်းထဲမှ အမျိုးသား တစ်ဦး အဖော်မပါဘဲ သွားလာခွင့်မရဟု တာလီဘန် အာဏာပိုင်များက ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။

ထို့ပြင် ဟီဂျပ်ဝတ်ဆင်ထားသည့် အမျိုးသမီးများကိုသာ ယာဉ်စီးနင်းခွင့်ပေးရန် ယာဉ်ပိုင်ရှင်များကိုလည်း တောင်းဆိုထားသည်။ အမျိုးသမီးများ ၄၅ မိုင်အထက် ခရီးသွားမည်ဆိုပါက




မိသားစုထဲ မှ အမျိုးသားအဖော် လိုက်ပါခြင်းမရှိဘဲ သွားလာခွင့် မရှိဟု အာဖဂန် ဒုစရိုက်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူ ဆာဒစ် အကစ်ဖ် မူဟာဂျီရာက အေအက်ဖ်ပီသို့ ဒီဇင်ဘာ ၂၆ ရက်တွင် ပြောသည်။

အမျိုးသမီးဇာတ်ကောင်များ ပါဝင်သည့် ရုပ်သံဒရမ်မာများကို အာဖဂန်ရုပ်သံလိုင်းများမှ ထုတ်လွှင့်ခြင်းမပြုရန် ဝန်ကြီးဌာနက တောင်းဆိုပြီး နောက်သီတင်းပတ်အကြာတွင် ယခုလိုညွှန်ကြားမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုပ်သံဂျာနယ်လစ်များသည် သတင်း တင်ပြနေစဉ်အတွင်း ဟီဂျပ်ဝတ်ဆင်ရမည်ဟုလည်း ဝန်ကြီးဌာနက တောင်းဆိုထားသည်။

ဩဂုတ်လအတွင်း တာလီဘန်များ အာဏာရလာသည့် အချိန်မှစတင်ကာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အမျိုးမျိုးသောကန့်သတ်ချက်များချမှတ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များက ၎င်းတို့အာဏာရစဉ်အတွင်း အုပ်ချုပ်ခဲ့စဉ်က စည်းကမ်းချက်များနှင့် ယှဉ်လျှင် ပိုမိုပျော့ပျောင်းသည့် စည်းမျဉ်းများနှင့်အုပ်ချုပ်မည်ဟု ကတိပြုထားသော်လည်း အမျိုးသမီးများအပေါ် စည်းကမ်းချက်အမျိုးမျိုး ထုတ်လျက်ရှိသည်။

**အေအက်ဖ်ပီ**

# ဖိလစ်ပိုင်နိုင်ငံ၌ လေးဦးမြောက် အိုမီခရွန်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူတစ်ဦး ထပ်မံတွေ့ရှိ

မနီလာ ဒီဇင်ဘာ ၂၇

**ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၁၈ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၈၃၈၇၉၂ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၁၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၅၁၂၁၁ ဦးအထိ ရောက်ရှိလာခဲ့သည်။

မကြာသေးမီ သီတင်းပတ်က နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လျော့နည်းကျဆင်းလာကြောင်း၊ သို့သော်လည်း ဖိလစ်ပိုင်နိုင်ငံသည် အန္တရာယ်ဖြစ်နိုင်ခြေ ဆက်လက်ရှိနေသေးကြောင်း ကျန်းမာရေးဌာနအကြီးအကဲ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားလိုက်သည်။

သို့သော်လည်း မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တိုးနေသေးကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းငယ်တိုးနေသေးသည်ကို မိမိတို့တွေ့မြင်နေရကြောင်း၊ သို့သော်လည်း သိသာသည့်ပမာဏ မဟုတ်သေးကြောင်း၊ မည်သို့ပင်ဆိုစေ ဆက်လက်တိုးလာနိုင်ကြောင်း မိမိတို့ကို သတိပေးနေသည်ဟု ၎င်းက ဆက်လက်ပြောကြားထားသည်။

နိုင်ငံ၏ လေးဦးမြောက် အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူတစ်ဦးကို အမေရိကန်ပြည်ထောင်စုမှ ရောက်ရှိလာသော ခရီးသွားတစ်ဦးတွင် တွေ့ရှိခဲ့ကြောင်း၊ တွေ့ရှိခဲ့သူမှာ အသက် (၃၈ နှစ်)ရှိ အမျိုးသမီးတစ်ဦးဖြစ်ကြောင်းနှင့် ဖိလစ်ပိုင်လေကြောင်းလိုင်းမှ တစ်ဆင့် မနီလာသို့ ဒီဇင်ဘာ ၁၀ ရက်က ရောက်ရှိလာသူဖြစ်ကြောင်း ဗာဂျီရီက ပြောကြားသည်။

၎င်းသည် နေအိမ်တွင် သီးသန့်ခွဲခြားနေထိုင်လျက်ရှိကြောင်းသိရသည်။ လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်သုံးကြိမ် ရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။



ဖိလစ်ပိုင်လေဆိပ်တစ်ခုတွင် နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက် တစ်နေ့တည်း ကိုဗစ်-၁၉ ဖြင့် ကူးစက်ခံရသူ ၂၆၃၀၃ ဦးဖြင့် တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၃ ဒသမ ၅ သန်း ကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၆၁၈၇၉ ဦးအထိရှိလာ

ဂျကာတာ ဒီဇင်ဘာ ၂၇

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်နေ့တည်း ၁၂၀ တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၆၁၈၇၉ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ရှစ်ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၄၀၆၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၇၁ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၁၃၃၂၀ အထိ ရှိလာသည်။



အင်ဒိုနီးရှားတွင် ကိုဗစ်-၁၉ စစ်ဆေးရန် လုပ်ဆောင်နေသည်ကို တွေ့ရစဉ်။

သက်ဆိုင်ရာ အာဏာပိုင်များက တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြစ်သည့် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုခွင့်ပေးလိုက်ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ဇန်နဝါရီ ၁၃ ရက်က စတင်ခဲ့သည်။

ယနေ့အချိန်အထိ လူပေါင်း ၁၁၀၈၁၂၈၅၆ ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရပြီး ကိုဗစ်- ၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၁၅၆၉၉၄၇၈၆ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး သို့မဟုတ် တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၂၈၀၆၇၃ ဦးရှိပြီဖြစ်သည်။ အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးစီးမှု ၁၄၆ ဒသမ ၃ သန်း ကျော်လွန်လာ

ဟနွိုင်း ဒီဇင်ဘာ ၂၇

ဗီယက်နမ်နိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၈၇၂ ဦး ရှိကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ငါးဦးနှင့် ပြည်တွင်း ကူးစက်ဖြစ်ပွားသူ ၁၄၈၆၇ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၆၆၆၅၄၅ ဦးအထိ ရှိလာပြီး ၃၁၄၁၈ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုများအနက် ဗီယက်နမ်မြို့တော် ဟနွိုင်း တွင် ဒီဇင်ဘာ ၂၇ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၄၈ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ တောင်ပိုင်း နေနင်ပြည်နယ်တွင် ၉၄၃ ဦး၊ မြောက်ပိုင်း ဟိုင်ဖွန်းမြို့တွင် ၉၃၁ ဦး အသီးသီး ကူးစက်ဖြစ်ပွားခဲ့ကြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၂၅၉၆၁၄ ဦး ရှိလာသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးဒုတိယအကြိမ်ထိုးနှံပြီးသူ ၆၆ ဒသမ ၄ သန်းအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးစီးမှုပေါင်းမှာ ၁၄၆ ဒသမ ၃ သန်း ကျော်လွန်လာပြီဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ လှိုင်းဂယက်လေးကြိမ် ရိုက်ခတ်ခဲ့ပြီးဖြစ်သည်။ ဧပြီနှောင်းပိုင်းမှ စတင်ဖြစ်ပွားခဲ့သော နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းဂယက်မှစကာ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၆၆ သန်းကျော် ရှိလာခဲ့ပြီဖြစ်သည်။

ဆင်ဟွာ

# တောင်ကိုရီးယား၌ အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၄၄၅ ဦးအထိ ရှိလာ

ဆိုးလ် ဒီဇင်ဘာ ၂၇

တောင်ကိုရီးယားနိုင်ငံတွင် ဒီဇင်ဘာ ၂၇ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၄၂၀၇ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၁၁၆၇၀ အထိ ရှိလာခဲ့သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့ အမြင့်ဆုံးကူးစက်ဖြစ်ပွားသူအရေအတွက် ၅၄၁၉ ဦး ထက် ရုတ်တရက်လျော့နည်းခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀၀ အောက် ရောက်ရှိခဲ့သည်မှာ ဒီဇင်ဘာ ၇ ရက်ကတည်းက ဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့်ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၁၄၆၆ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၁၁၆၀ မှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၂၂၇ ဦးမှာ အင်ချွန်းမှဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော်မဟုတ်သော ဒေသတွင်လည်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အဆိုပါဒေသတွင် ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၂၇၂ ဦး သို့မဟုတ် ၃၀ ဒသမ ၈ ရာခိုင်နှုန်းရှိလာခဲ့သည်။

အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ခံရသူ ၄၄၅ ဦးအထိ ရှိလာခဲ့ပြီး နိုင်ငံခြားကူးစက်ဖြစ်ပွားသူ ၁၈၁ ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၂၆၄ ဦး ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေခံစားနေရသူ ၁၀၇၈ ဦးအထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် သုံးဦးလျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၅၅ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၅၃၀၀ အထိ ရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက်ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၃၉၈၂၈၉၀ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၂ ဒသမ ၄ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်း ၄၂၃၁၄၄၂၁ ဦး သို့မဟုတ် ၈၂ ဒသမ ၄ ရာခိုင်နှုန်း ရှိပြီဖြစ်ကြောင်း၊ အပိုဆောင်းကာကွယ်ဆေးထိုးပြီးသူ ၁၅၂၂၂၆၈ သို့မဟုတ် ၂၉ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ် - ၁၉ ကူးစက်မှုများ ပြန်လည်ပေါ်ပေါက်နေသည့်အတွက် လေကြောင်းခရီးသွားလာမှုတွင်အဟန့်အတားများဖြစ်နေရ

ကေကေစိုး




လော့စ်အိန်ဂျလိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်များကို ဒီဇင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

ဒီဇင်ဘာ ၂၆ ရက်တစ်ရက်တည်းတွင်ပင် လေယာဉ်ခရီးစဉ်ပေါင်း ၂၂၀၀ ဖျက်သိမ်းခဲ့ရသည့်အတွက် ကမ္ဘာအနှံ့ အားလပ်ရက်ကာလ ခရီးသွားကြမည့် သန်းနှင့်ချီသည့် ပြည်သူများအတွက် ခေါင်းခဲစရာကိစ္စဖြစ်ခဲ့ရသည်။

**နှောင့်နှေးမှုဖြစ်ပေါ်**

ကိုဗစ် - ၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်မှုအန္တရာယ်ကြောင့် ခရစ္စမတ်ပွဲကျင်းပသူများလည်း လျှင်လျှင်မြန်မြန်ပင် ပွဲသိမ်းခဲ့ရသည်။ လေယာဉ်ပေါင်း ၇၅၀၀ မှာ မြေပြင်တွင် ရပ်နားထားရပြီး တစ်နှစ်တာအတွင်း ခရီးသွားလာမှုများနှင့် အရှုပ်ထွေးဆုံးကာလဖြစ်သည့် ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လေယာဉ်ခရီးစဉ်ပေါင်း ထောင်နှင့်ချီ၍ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရသည်။

**ဝန်ထမ်းအင်အားပြတ်တောက်မှုဖြစ်ပေါ်**

အိုမီခရွန်ကူးစက်မှုများ များပြားလာသည့်အတွက် ဝန်ထမ်းအင်အား ပြတ်တောက်မှုများဖြစ်ပေါ်လာသည်ဟုလည်း လေကြောင်းလိုင်းများက ပြောသည်။ ယင်းသို့သောဖြစ်ရပ်များကြောင့် ကမ္ဘာအနှံ့ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ဒီဇင်ဘာ ၂၇ ရက်တွင်ပင် လေယာဉ်ခရီးစဉ်ပေါင်း ၇၃၅ ခု ဖျက်သိမ်းခဲ့ရသည်။ ဒီဇင်ဘာ ၂၈ ရက်တွင် ဖျက်သိမ်းရသည့် ခရီးစဉ်ပေါင်း ပို၍ များပြားလာမည်ဖြစ်သည်ဟု သိရသည်။ ကူးစက်မှုအလွန်လျင်မြန်သည့် အိုမီခရွန်မျိုးကွဲကြောင့် တစ်ကမ္ဘာလုံးအနှံ့ ထိခိုက်မှုများ ခံစားခဲ့ရသည်။

**ဖျက်သိမ်းခဲ့ရ**

နိုင်ငံများတွင် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြန်လည်ပြုလုပ်လာရပြီး အားကစားပွဲကြီးများအပါအဝင် ပွဲတော်များကို ဖျက်သိမ်းခဲ့ရသည်။ ဘောလုံးပွဲကြီးများကိုလည်း ဖျက်သိမ်းခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုအပါအဝင် နိုင်ငံတော်တော်များများတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးခြင်းများနှင့် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးခြင်းများကို လုပ်ဆောင်လာကြသည်။

**အကောင်အထည်ဖော်လျက်ရှိ**

တရုတ်နိုင်ငံ ရှီအန်းမြို့၌ ဒေသခံပေါင်း ၁၃ သန်းမှာ ဒီဇင်ဘာ ၂၆ ရက်တွင် နေအိမ်၌သာနေရန် ကန့်သတ်ခံထားရသည်။ ကန့်သတ်ချက်များ တင်းကျပ်ထားသည့်ကြားမှ ၂၁ လတာအတွင်း တိုင်းပြည်၌ ကိုဗစ် - ၁၉ ကူးစက်မှုနှုန်းက အများဆုံးဖြစ်ခဲ့သည်။ လာမည့်ဖေဖော်ဝါရီလတွင် ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ မတိုင်မီ တရုတ်နိုင်ငံသည် ကိုဗစ် -၁၉ ကင်းစင်ရေးအတွက် နည်းဗျူဟာများ အကောင်အထည်ဖော်လျက်ရှိပြီး နယ်စပ်ထိန်းချုပ်ရေးလုပ်ငန်းများ၊ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုများကို လုပ်ဆောင်လျက်ရှိသည်။

**မကြာမီဖြေရှင်းနိုင်မည်**

အမေရိကန်ပြည်ထောင်စုတွင်လည်း ကူးစက်ရောဂါထိပ်တန်းအကြံပေးတစ်ဦးဖြစ်သူ အန်သိုနီဖောင်ချီက အမေရိကန်တစ်နိုင်ငံလုံးအနှံ့ ဗိုင်းရပ်စ်ကူးစက်မှုများပျံ့နှံ့နေသည့်အတွက် ဆေးစစ်မှုတွင် ပြဿနာများရှိနိုင်သည်ဟု ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားခဲ့သည်။ လာမည့်လအတွင်း ဆေးစစ်မှုများ ပိုမိုလုပ်ဆောင်လာနိုင်မည်ဟုလည်း ၎င်းက အလေးအနက်ထားပြောကြားခဲ့သည်။ ပြည်သူများ ဆေးစစ်မှုခံယူရာတွင် အခက်အခဲအချို့ရှိနေဆဲဖြစ်ကြောင်း အေဘီစီနှင့် အင်တာဗျူးတွင် ယခုလို ပြောကြားခဲ့သည်။ ဆေးစစ်မှုတွင် ပြဿနာများရှိသော်လည်း မကြာမီ ဖြေရှင်းနိုင်မည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ထိခိုက်ခံစားခဲ့ရ**

အမေရိကန်ပြည်ထောင်စု၌ ရောဂါကူးစက်မှုများကြောင့် လေယာဉ်ခရီးစဉ် ဖျက်သိမ်းမှုများ ရှိနေပြီး ယင်းအပြင် ရာသီဥတုဆိုးရွားမှုကြောင့်လည်း ခရီးသွားရာတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ တိုင်းပြည်အနောက်ပိုင်းတွင် မုန်တိုင်းကြောင့် ထိခိုက်ခံစားခဲ့ရသည်။ လေကြောင်းဖြင့် ခရီးသွားလာမှုမှာ တစ်ကမ္ဘာလုံးအနှံ့ ခေါင်းခဲစေရသည့် ပြဿနာ ဖြစ်နေဆဲဖြစ်သည်။ လေယာဉ်အမှုထမ်းများနှင့် အလုပ်နားထားရသည့် ဝန်ထမ်းများမှာလည်း ဖျားနာခြင်း၊ ကိုဗစ် -၁၉ ကူးစက်ထားသူနှင့် ထိတွေ့မှုများကြောင့် အသွားအလာစောင့်ကြည့်ကန့်သတ်ခံထားရသည်။

**ဖိအားများပေါ်ပေါက်**

လုဖ်သန်ဆာ၊ ဒယ်တာ၊ ယူနိုက်တက်အဲလိုင်း၊ ဂျက်ဘလူး၊ ဗြိတိန်အဲဝေး၊ အလာစကာလေကြောင်းလိုင်းများနှင့် အခြားသော လေကြောင်းလိုင်းများမှာ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရမည့် ဖိအားများပေါ်ပေါက်နေသည်။ ယခုအခါ အားလပ်ရက် ကာလသို့ရောက်ရှိလာပြီး ဝန်ထမ်းလိုအပ်ချက်ဖြည့်စွမ်းပေးနိုင်ရေးအတွက် အကောင်းဆုံးကြိုးပမ်းအားထုတ်နေသည်ဟု ဂျက်ဘလူးလေကြောင်းလိုင်းက ပြောသည်။ လေကြောင်းခရီးစဉ်များ မဖျက်သိမ်းရရေးအတွက် အကောင်းဆုံးကြိုးပမ်းအားထုတ်နေသည်မှာ မှန်သော်လည်း နောက်ထပ်လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းနေရသည်။

**လေကြောင်းခရီးစဉ်ဖျက်သိမ်းမှုများ**

အိုမီခရွန်ကူးစက်မှု ပို၍ပျံ့နှံ့လာလျှင် ဒီထက်ပို၍ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်လာနိုင်သည်ဟုလည်း ပြောသည်။ ဖလိုက်အဝဲဒေ့ါကွန်း၏ ဖော်ပြချက်အရ ဒီဇင်ဘာ ၂၅ ရက်တွင် ကမ္ဘာအနှံ့ လေကြောင်းခရီးစဉ် ဖျက်သိမ်းရမှုပေါင်း ၂၉၀၀ ရှိသည်ဟု သိရသည်။ ဒီဇင်ဘာ ၂၆ ရက်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၂၂၅၀ ဖျက်သိမ်းခဲ့ရပြီး အဆိုပါခရီးစဉ်များထဲမှ ၇၂၀ ခန့်မှာ အမေရိကန်လေဆိပ်များသို့ ဦးတည်ပျံသန်းနေသည့် ခရီးစဉ်များဖြစ်သည်။

**စိတ်ပျက်စရာအတိဖြစ်ခဲ့ရ**

ပြီးခဲ့သည့်နှစ်ကလည်း ရောဂါကူးစက်မှုများကြောင့် ခရစ္စမတ်ကာလ ခရီးသွားလာမှုများကို လျှော့ချခဲ့ရာ ယခုနှစ်အတွက် များစွာမျှော်လင့်ခဲ့ရသည်။ သို့သော်လည်း ယခုနှစ်အတွင်း လေကြောင်းခရီးစဉ်များဖျက်သိမ်းခဲ့ရာ အားလပ်ရက်ကာလအတွင်းမိသားစုနှင့်အတူ ပြန်လည်ဆုံစည်းရန် စောင့်ဆိုင်းနေကြသည့် လူများအတွက် စိတ်ပျက်စရာအတိ ဖြစ်ခဲ့ရသည်။ အမေရိကန် မော်တော်ယာဉ်များအသင်း၏ ခန့်မှန်းမှုအရ ဒီဇင်ဘာ ၂၃ ရက်မှ ဇန်နဝါရီ ၂ ရက်အတွင်း အားလပ်ရက်ကာလများ၌ လေယာဉ်၊ ရထားနှင့် မော်တော်ကားများဖြင့် ခရီးသွားကြမည့် အမေရိကန်ပြည်သူပေါင်း ၁၀၉ သန်းရှိသည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၃၄ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

**ဝန်ပိလာရ**

ခရီးသွားလာမှုအစီအစဉ်များမှာ အိုမီခရွန်ကူးစက်မှုမဖြစ်ပေါ်မီကတည်းကပင် ချမှတ်ထားသည့်အစီအစဉ်များ ဖြစ်ကြသည်။ ယခုအခါ အိုမီခရွန်ကူးစက်မှုမှာ အမေရိကန်တွင် လွှမ်းမိုးနေသည့် ရောဂါဖြစ်လာပြီး ဆေးရုံများတွင်လည်း လူနာများနှင့် ဝန်ပိလာရသည်။ ထို့ပြင် ကျန်းမာရေးလုပ်သားများမှာလည်း ဝန်ပိလာရသည်။ အမေရိကန်ပြည်ထောင်စုတွင် မကြာသေးမီအချိန်အတွင်း ပျမ်းမျှအားဖြင့် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၇၅၀၀၀ ရှိလာသည်ဟု အမေရိကန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ၏ မှတ်တမ်းများအရ သိရသည်။

**ဖယ်ရှားပေးတော့မည်**

ယခုလို အားလပ်ရက်ကာလ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းရမှုကြောင့် ခရီးသွားလာရာတွင် အနှောင့်အယှက်အဟန့်အတားများ ရှိနေသော်လည်း အာဖရိကတောင်ပိုင်း ရှစ်နိုင်ငံအပေါ် အမေရိကန်၏ ခရီးသွားလာခွင့်ပိတ်ပင်ထားမှုကိုမူ ဖယ်ရှားပေးတော့မည်ဟု သိရသည်။ အိုမီခရွန်ကူးစက်မှုကို ကြောက်ရွံ့သည့်အတွက် အာဖရိကတောင်ပိုင်းရှစ်နိုင်ငံအပေါ် အမေရိကန်က ခရီးသွားလာခွင့်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဒီဇင်ဘာ ၃၁ ရက်တွင် အဆိုပါခရီးသွားလာမှုပိတ်ပင်ထားခြင်းကို ဖယ်ရှားပေးတော့မည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ကီဗင်မူနော့ဇ် က ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။ ။

ကိုးကား - အေအက်ဖ်ပီ

❒ **ကိုဗစ်- ၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှုအန္တရာယ်ကြောင့် ခရစ္စမတ်ပွဲကျင်းပသူများလည်း လျှင်လျှင်မြန်မြန်ပင် ပွဲသိမ်းခဲ့ရသည်။ လေယာဉ်ပေါင်း ၇၅၀၀ မှာ မြေပြင်တွင် ရပ်နားထားရပြီး တစ်နှစ်တာအတွင်း ခရီးသွားလာမှုများနှင့် အရှုပ်ထွေးဆုံးကာလဖြစ်သည့် ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လေယာဉ်ခရီးစဉ်ပေါင်း ထောင်နှင့်ချီ၍ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရ**

# ဒီဇင်ဘာ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၀ တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၂၅၇ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၁၇ နိုင်ငံ ပျံ့နှံ့**

(၂၇-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၂၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၇၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅၉၉၂၅၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၉၈၁၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၂၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၇၄၃၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦး ရှိသဖြင့် ယနေ့ အထိ သေဆုံးသူစုစုပေါင်း (၁၉၂၅၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၇-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၃၉၃) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၆) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၃) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁၁၅၉) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၈၀) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၉၀၂) ခု | (၁၅၇) ဦး |
| စုစုပေါင်း | (၁၁၂၀၇) ခု | (၂၀၀) ဦး |

**လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ**

**(၅-၁၂-၂၀၂၁ မှ ၂၅-၁၂-၂၀၂၁) ရက်နေ့အထိ**

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၅-၁၂-၂၀၂၁ မှ ၁၁-၁၂-၂၀၂၁) (Epidemiological Week-49) | ၁၁၆၇၂၂ | ၂၂၅၉ | ၁.၉၄ |
| (၁၂-၁၂-၂၀၂၁ မှ ၁၈-၁၂-၂၀၂၁) (Epidemiological Week-50) | ၁၀၃၉၀၅ | ၁၇၂၀ | ၁.၆၆ |
| (၁၉-၁၂-၂၀၂၁ မှ ၂၅-၁၂-၂၀၂၁) (Epidemiological Week-51) | ၈၇၄၂၉ | ၁၄၀၂ | ၁.၆၀ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၉)၊ အပတ်စဉ် (၅၀) နှင့် အပတ်စဉ် (၅၁) တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၇-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၁၇) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာစုစုပေါင်း (၁၈၈၄၆၀) ဦး ရှိပြီး ဥရောပနိုင်ငံများ၊ ကနေဒါ၊ အမေရိကန်၊ အာဖရိကနိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြု တွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၇-၁၂-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၂၂၄၂၄ | ၄၁၀၃၁၀၁၈ | ၈၃၇၈၅၄ |
| ၂။ | အိန္ဒိယ | ၃၄၇၉၃၃၃၃ | ၃၄၂၃၇၄၉၅ | ၄၇၉၉၉၇ |
| ၃။ | ဘရာဇီး | ၂၂၂၃၉၄၃၆ | ၂၁၄၁၄၃၁၈ | ၆၁၈၄၈၄ |
| ၄။ | ဗြိတိန် | ၁၁၈၉၁၂၉၂ | ၉၉၆၁၃၆၉ | ၁၄၇၈၅၇ |
| ၅။ | ရုရှား | ၁၀၄၁၅၂၃၀ | ၉၂၉၃၄၈၆ | ၃၀၅၁၅၅ |
| ၆။ | တူရကီ | ၉၃၀၇၁၂၄ | ၈၉၄၃၇၂၄ | ၈၁၅၇၆ |
| ၇။ | ပြင်သစ် | ၉၁၁၆၀၆၈ | ၇၈၀၅၉၃၀ | ၁၂၂၆၄၂ |
| ၈။ | ဂျာမနီ | ၇၀၀၉၆၃၄ | ၆၁၅၆၅၀၀ | ၁၁၁၀၈၁ |
| ၉။ | အီရန် | ၆၁၈၄၇၆၂ | ၆၀၂၆၃၇၈ | ၁၃၁၄၀၀ |
| ၁၀။ | စပိန် | ၅၇၁၈၀၀၇ | ၅၀၀၂၃၁၀ | ၈၉၀၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၇-၁၂-၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၁၈၇၉ | ၄၁၁၃၃၂၀ | ၁၄၄၀၆၃ |
| ဖိလစ်ပိုင် | ၂၈၃၈၇၉၂ | ၂၇၇၈၀၀၂ | ၅၁၂၁၁ |
| မလေးရှား | ၂၇၄၁၁၇၉ | ၂၆၆၅၀၃၄ | ၃၁၃၃၄ |
| ထိုင်း | ၂၂၁၂၄၀၇ | ၂၁၅၆၃၇၃ | ၂၁၅၉၈ |
| ဗီယက်နမ် | ၁၆၆၆၅၄၅ | ၁၂၅၉၆၁၄ | ၃၁၄၁၈ |
| မြန်မာ | ၅၂၉၈၁၃ | ၅၀၇၄၃၅ | ၁၉၂၅၇ |
| စင်ကာပူ | ၂၇၇၇၆၄ | ၂၇၄၂၀၄ | ၈၂၂ |
| ကမ္ဘောဒီးယား | ၁၂၀၄၆၄ | ၁၁၆၈၇၄ | ၃၀၀၉ |
| လာအို | ၁၀၆၇၇၈ | ၉၆၀၃၃ | ၃၂၈ |
| ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

# ထာဝရငြိမ်းချမ်းပါစေ ဖွဲကပင်မြေ

**စာချစ်သူ**

**သာစွဌာနေ ဖွဲကပင်မြေသို့ လွန်ခဲ့သည့် ဆယ်စုနှစ်ကျော်ကာလက လုပ်ငန်းတာဝန်ဖြင့် ကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့သည်။ တိတိကျကျဆိုလျှင် ၁၉၉၃ ခုနှစ် ဇန်နဝါရီလထဲတွင် KNU မှ ဗိုလ်ချုပ်မြနှင့် ဦးထိန်မောင်တို့က ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း ထိုင်းတပ်မတော်မှတစ်ဆင့် ကမ်းလှမ်းခဲ့ရာမှအစပြု၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရနှင့် KNU တို့အကြား ၁၉၉၅-၉၆၊ ၂၀၀၃-၂၀၀၄ ခုနှစ်တို့တွင် ငြိမ်းချမ်းရေးအတွက် ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဖွဲကပင်မြေတစ်ဝန်း သေနတ်သံ၊ အမြောက်သံများ တိတ်ဆိတ်ငြိမ်သက်သွားပြီး ဖားစည်သံတညံညံ ထွက်ပေါ်လာသည့် ၂၀၀၄ ခုနှစ်နောက်ပိုင်း အချိန်ကာလများဖြစ်သည်။**

ထိုသို့ ကရင်ပြည်နယ်ကြီး အေးချမ်းတည်ငြိမ်သာယာလာသည်နှင့်အမျှ ကျွန်တော်သည် ဘားအံ-ကော့ကရိတ်-မြဝတီ၊ ရွှေဂူနှင်း၊ လှိုင်းဘွဲ၊ မြိုင်ကြီးငူ၊ ထို့ကော်ကိုးပါမကျန် သွားပါများ ခရီးရောက်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့်အတူ ဟန်ချက်ညီစွာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများစွာကိုလည်း လေ့လာခွင့်ရခဲ့သည်။

ကရင်ပြည်နယ်သည် ရေခံမြေခံကောင်းသော ပြည်နယ်တစ်ခုဖြစ်၍ စိုက်ပျိုးရေး အလွန်ဖြစ်ထွန်းသည်။ ရှုမောမဆုံးမြင်တွေ့ရလေ့ရှိသည့် ရော်ဘာစိုက်ခင်းများသည် ပြည်နယ်၏ ရွှေဖြူဖြစ်သည်။ ၁၉၈၈ ခုနှစ်က ပြည်နယ်အတွင်း ရော်ဘာစိုက်ဧက ၈၀၀၀ ကျော်မျှသာ ရှိခဲ့သော်လည်း ငြိမ်းချမ်းရေးရယူပြီးနောက်တွင် ထိုစဉ်က နိုင်ငံတော်အစိုးရက မြေလွတ်မြေရိုင်း ပေါကြွယ်ဝသည့် ကရင်ပြည်နယ်အတွင်း ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့် စက်မှုကုန်ကြမ်းသီးနှံရော်ဘာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ပံ့ပိုးပေးခဲ့ရာ ဧကပေါင်း တစ်သိန်းခွဲနီးပါးအထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်ကို အမှတ်ရမိသည်။



ဘားအံမြို့နယ်ရှိ ဖွဲကပင်တောင်။

## သီးနှံစိုက်စွမ်းအား တိုးတက်

ထို့အတူ လယ်မြေဧက ၅၀၀၀ ကျော်ကို အကျိုးပြုနိုင်သည့် ရေဘုတ် ရေလှောင်တမံ အပါအဝင် ဆည်တမံနှစ်ခု၊ မြစ်ရေတင်လုပ်ငန်းခြောက်ခု၊ ရေနုတ်မြောင်းများ၊ နုန်းသွင်းမြောင်းများကို တူးဖော်တည်ဆောက်ပေးခဲ့၍ ကရင်ပြည်နယ်၏ သီးနှံစိုက်စွမ်းအားမှာ များစွာတိုးတက်လာခဲ့သည်။

သံလွင်မြစ်မင်း၏ လက်ဆောင်မွန် မြေဆီဩဇာကောင်းမွန်သော နုန်းတင်မြေနုတို့ကို စိုက်ပျိုးရေးအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် နုန်းသွင်းမြောင်းများကို တူးဖော်တည်ဆောက်ပေးခဲ့ရာ လှိုင်းဘွဲ၊ ရွှေဂူနှင်းမြို့တို့တွင် မြေပဲတစ်ဧကလျှင် တင်းရာကျော်ထွက်ရှိသည်အထိ တိုးတက်အောင်မြင်ခဲ့သည်။ ရွှေဂူနှင်းမြို့ရှိ တောင်သူတစ်ဦး၏ မြေပဲစိုက်ခင်းတစ်ခုဆိုပါက တစ်ဧကလျှင် ၁၅၆ တင်း စံချိန်တင်ထွက်ရှိခဲ့ဖူးသည်။ ထိုခေတ်က လှိုင်းဘွဲ၊ ရွှေဂူနှင်းမြို့တို့သည် ကမ္ဘာ့စားနပ်ရိက္ခာ FAO ဆုပင် ဆွတ်ခူးရရှိခဲ့ပေသည်။

မွေးမြူရေးလုပ်ငန်းအနေဖြင့်မူ တစ်ပိုင်တစ်နိုင်မွေးမြူရေးသာမက စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက်လည်း ဘားအံမြို့တွင် မွေးမြူရေးဇုန်တစ်ခု တည်ထောင်ပေးခဲ့သည်။ ဒေသခံမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးဆိုပါလျှင် မွေးမြူရေးခြံအတွင်း ဥစားကြက်ကောင်ရေ ၇၀၀၀ ကို စီးပွားဖြစ်မွေးမြူထားသည်ကို တွေ့ခဲ့ရသည်။ စတင်မွေးမြူစဉ်ကမူ ကောင်ရေ ၅၀၀ မျှဖြင့်သာ။

ဆိုရလျှင် ကရင်ပြည်နယ်သည် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးရယူပြီးနောက်တွင် ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသဖြင့် ယခင်နှင့်မတူ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာသည်။ ဤသမိုင်းပုံရိပ်များက အမှန်တကယ်ဖြစ်တည်ခဲ့သည်။ မည်သူမျှငြင်းနိုင်လိမ့်မည် မဟုတ်ပါ။

အကြီးမားဆုံး ဆုလာဘ်ကတော့ ဒေသခံတိုင်းရင်းသားပြည်သူများစစ်ဘေးရန် ကင်းဝေးခဲ့၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မပူမပင်၊ မကြောင့်မကြ လုပ်ကိုင်နိုင်ခဲ့ကြသည်။ စစ်မက်ထူပြောပြီး စစ်ဘောင်ကျယ်ပြန့်ချိန် ကာလက တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းများတွင် သွားရောက်ခိုလှုံခဲ့ကြရသည့် ဒေသခံတိုင်းရင်းသားများသည် ကိုယ့်ရပ်ကိုယ့်ရွာတွင်ဘဝကို အေးချမ်းပျော်ရွှင်စွာ တည်ဆောက်လာနိုင်ခဲ့သည်။

## အချိန်ကာလမရွေး ယှက်နွယ်သွားလာ

ဒေသခံပြည်သူများမဆိုထားဘိ ကျွန်တော်တို့သည်ပင်လျှင် မြိုင်ကြီးငူ၊ ထို့ကော်ကိုး၊ မြဝတီမြို့နှင့် ရွှေကုက္ကိုကျေးရွာ၊ မေတ္တာလင်းမြိုင် ကျေးရွာများသို့ အချိန်ကာလမရွေး၊ အိမ်ဦးနှင့်ကြမ်းပြင်ပမာ ကူးလူးယှက်နွယ်သွားလာနိုင်ခဲ့ကြသည်။

ထို့ကော်ကိုးတွင် ဖထီးဗိုလ်ချုပ်ထိန်မောင် နေထိုင်သည်။ ဖထီးဗိုလ်ချုပ်ထိန်မောင်တို့အဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လျှင် ဝင်ရောက်ချင်းမှာပင် နိုင်ငံတော်က နေအိမ် အဆောက်အအုံများ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဝင်းသူဇာ အရောင်းဆိုင်များ၊ စိုက်ပျိုးရေးအတွက် ပတချောင်းကိုပြန်လည်ဆယ်ယူ၍ ပတဆည်၊ နဘူးဆည်တို့ကို ဆောက်လုပ်ပေးခဲ့သည်။ လမ်းပန်းဆက်သွယ်ရေးအတွက် ကားလမ်းများ ဖောက်လုပ်ပေးခဲ့သည်။

တစ်ချိန်က KNU တပ်မဟာတွင် နာမည်ကြီး တိုက်ခိုက်ရေးသမားကြီး တစ်ဦးဖြစ်သူ ဖထီးဗိုလ်ချုပ်ထိန်မောင်သည် “Old soldier never fight” ဟူသည့်နှယ် စစ်သားအိုကြီးများသည် စစ်၏အနိဋ္ဌာရုံများကို နဖူးတွေ့ဒူးတွေ့ တွေ့မြင်ခဲ့ရ၍ စစ်ကိုမတိုက်ချင်တော့ပြီ။ အသက်အရွယ်ကလည်းရလာတော့ ဘာသာတရား အဆုံးအမတို့ဖြင့်သာ ပျော်မွေ့ခဲ့လေပြီ။ ကျွန်တော်တို့ရောက်ရှိစဉ်က ဖထီးဗိုလ်ချုပ်ထိန်မောင်ကို ရောက်ရောက်ချင်း အိမ်မှာမတွေ့ရ။ “ဘုရားကျောင်းတက်နေသည်”ဟု မိသားစုကဆို၍ ထိုင်စောင့်ခဲ့ရသေးသည်။ ယခုတော့ ဖထီးဗိုလ်ချုပ်ထိန်မောင်သည်လည်း ကွယ်လွန်သွားခဲ့ရှာပြီ။

ဘားအံမြို့အနီး ဘုရားကုန်း ငြိမ်းချမ်းရေးဒေသတွင် အခြေချနေထိုင်ပါသော တစ်ချိန်က KNU ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သူ ဖထီး ပဒိုအောင်ဆန်းကမူ ပျော်တတ်သည်။ စတတ်နောက်တတ်သည်။ စကားကြွယ်သည်။ ခရစ္စမတ်အတွက် မွေးမြူထားသည့် ကြက်ဆင်များအပါအဝင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဇောက်ချလုပ်ကိုင်လျက်ရှိသည်။

“မြန်မာနိုင်ငံဟာ တကယ်အေးချမ်းသာယာတဲ့တိုင်းပြည်ပါ။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ပေါက်လာတော့မှာ ဖြစ်တဲ့အတွက် ဖထီးစိတ်ထဲမှာ အခုကတည်းက ပီတိဖြစ်နေပြီ။ အခုဆို ဖထီးငြိမ်းချမ်းမှုရဲ့အေးမြတဲ့အရသာကို ပိုပြီးခံစားရပါတယ်။ အရင် တောတွင်းလက်နက်ကိုင်ဘဝကဆိုရင် အမြဲပူနေရတာ။ အခုမြင်တွေ့နေရတဲ့ဒေသ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေပါပဲ”ဟု လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်က ဖထီးပြောခဲ့ဖူးသည့် စကားသံများကို ယခု ကျွန်တော် ပြန်လည်ကြားယောင်လာမိသည်။

ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးခြေလှမ်းများသည် ရပ်တန့်၍ မနေခဲ့ပါ။ ရှေ့သို့တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တက်လှမ်းနေပါသည်။

## ငြိမ်းချမ်းရေးကမ်းလှမ်းသည့်ထုတ်ပြန်ချက်

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ခံအစိုးရ ဖြစ်လာသည့် သမ္မတဦးသိန်းစိန် အစိုးရသည် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် “ငြိမ်းချမ်းရေး ကမ်းလှမ်းသည့် ထုတ်ပြန်ချက်” ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည် -

“နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး (၃) ပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် နိုင်ငံအတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင်လိုအပ်သည်ဟု ယုံကြည်ပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော

စာမျက်နှာ ၁၇ သို့

- **ကရင်ပြည်နယ်သည် အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးရယူပြီးနောက်တွင် ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသဖြင့် ယခင်နှင့်မတူ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာသည်။ ဤသမိုင်းပုံရိပ်များက အမှန်တကယ် ဖြစ်တည်ခဲ့သည်။ မည်သူမျှ ငြင်းနိုင်လိမ့်မည်မဟုတ်ပါ**
- **အကြီးမားဆုံး ဆုလာဘ်ကတော့ ဒေသခံတိုင်းရင်းသားပြည်သူများစစ်ဘေးရန် ကင်းဝေးခဲ့၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မပူမပင်၊ မကြောင့်မကြ လုပ်ကိုင်နိုင်ခဲ့ကြ**

# ဘားအံမြို့ ဂျိုင်းမြစ်အတွင်း ငါးသားပေါက်တစ်သိန်းခွဲ စိုက်ထည့်

**ဘားအံ ဒီဇင်ဘာ ၂၇**

ကရင်ပြည်နယ်အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေ ပြည်သူများ ငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဘားအံခရိုင် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ ဇာသပြင်တံတားအနီး ဂျိုင်းမြစ်အတွင်း ဒီဇင်ဘာ ၂၇ ရက်က ငါးမျိုးစိုက်ထည့်ခြင်း ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ငါးမျိုး စိုက်ထည့်ပွဲတွင် ဘားအံငါးလုပ်ငန်း စခန်းမှ နှစ်လက်မ အောက်ခံအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၂၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂျိုင်းမြစ်အတွင်း မျိုးစိုက်ထည့်ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၆ မှ*

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့ တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့အစည်းဖွဲ့စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖော်ဆောင်မည့် အဖွဲ့အစည်းနှင့် ဆွေးနွေးရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။”

သမ္မတဦးသိန်းစိန် အစိုးရသည် ငြိမ်းချမ်းရေး မရှိဘဲ ဒီမိုကရေစီစနစ် မထွန်းကားနိုင်သလို ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမဖြစ်နိုင်ဟု ခံယူပြီး ငြိမ်းချမ်းရေးအတွက် ထိုသို့ကမ်းလှမ်းခဲ့ခြင်းဖြစ်ပေသည်။

KNU ခေါင်းဆောင် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုးက “တိုက်ပွဲတိုက်နေတာကြာပြီ၊ ဘယ်သူ့ဘယ်သူမှ နိုင်အောင်မတိုက်နိုင်ကြပါဘူး။ ဆုံးရှုံးရတာတော့ နှစ်ဖက်စလုံးပါပဲ” ဟူ၍ KNU ၏သဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့နောက် KNU အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့တို့သည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တွင် ပြည်နယ်အဆင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ KNU အဖွဲ့နှင့်မူ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

## ငြိမ်းချမ်းရေးကို ဆာလောင်မွတ်သိပ်

KNU အဖွဲ့နှင့် ဆွေးနွေးပွဲမှ သတိရအောက်မေ့ဖွယ်ရာအချို့နှင့်ပတ်သက်၍ “စိုးသိန်း ၏ ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် သမ္မတဦးသိန်းစိန်”စာအုပ်တွင် စာရေးသူက “ကေအန်ယူအဖွဲ့ကို မြဝတီမှ ကြိုဆိုခဲ့ပါသည်။ ကျွန်တော်တို့အဖွဲ့က သက်နှီးညီနောင်မှ စောင့်ကြိုကြပါသည်။ ဘားအံရောက်သည့်အခါတွင် မြို့လုံးကျွတ်မျှ ဝမ်းပန်းတသာကြိုဆိုကြပါသည်။ ငြိမ်းချမ်းရေးကို ပြည်သူလူထုအားလုံး ဆာလောင်မွတ်သိပ်နေကြမှန်း ကျွန်တော်တို့အားလုံး ခံစားမိပါသည်။ ဆွေးနွေးပွဲအစပိုင်းက ထင်သလောက်အဆင်မပြေလှပါ။ သို့သော် ညနေသုံးနာရီလောက်တွင် အဆင်ပြေသွားခဲ့ပါသည်”ဟု မှတ်တမ်းတင်ရေးသားခဲ့သည်။

ယင်းနောက် ဦးသိန်းစိန် ဦးဆောင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့တို့သည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြည်ထောင်စုအဆင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲကို သမိုင်းဝင်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးပွဲ အောင်မြင်သည့်အတွက် ကမ္ဘောဒီးယားမှ ငြိမ်းချမ်းရေးဆောင်ရွက်နေသည့် လေ့လာသူ မစ္စ အမ်မာသည် ဝမ်းသာလွန်းသဖြင့် ချုံးပွဲချငိုပါလေတော့သည်။

ငြိမ်းချမ်းရေးခရီးကား အမှန်တကယ်လည်း ခက်ခဲရှည်ကြာခဲ့ပါသည်။ ဦးသိန်းစိန် အစိုးရသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် စတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစ၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ် ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ ရက် ကြာမြင့်ခဲ့သည်။ အစည်းအဝေး အရေအတွက် ၅၀၀၀ ခန့်ရှိခဲ့ပြီး သမ္မတဦးသိန်းစိန်ကိုယ်တိုင် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဦးစားပေးအဖြစ် တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ကာ ပြည်သူလူထုထံသို့ စဉ်ဆက်မပြတ် အသိပေးတင်ပြခဲ့သည့် ရေဒီယိုမိန့်ခွန်းပေါင်း ၄၅ ကြိမ်တိတိ ရှိခဲ့ကြောင်း အဆိုပါစာအုပ်တွင် မှတ်တမ်းတင်ရေးသားခဲ့သည်။

> “ကရင်ပြည်နယ်သည် အတိတ်သမိုင်း သင်ခန်းစာများကို အလေးအနက် သင်ခန်းစာရယူသင့်သည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့သာ တစိုက်မတ်မတ် လျှောက်လှမ်းသင့်သည်။ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ရေမြေသဘာဝသယံဇာတအရ အခွင့်အလမ်းကောင်းများစွာ ပိုင်ဆိုင်ထားပါသည်”

ပြီးခဲ့သည့် NLD အစိုးရလက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ ထပ်တိုးပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း (၂၁)ရာစုပင်လုံအမည်သစ်ဖြင့်ကျင်းပသော NCA ငြိမ်းချမ်းရေး ဆွေးနွေးပွဲများမှာ ရှေ့မတိုးနောက်မဆုတ် လိပ်ခဲတည်းလည်း ဖြစ်ခဲ့ရပေသည်။

ထို့ကြောင့် လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၅ ရက်ကပေးပို့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ သဝဏ်လွှာတွင် “မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်ထားသည်ကို အတိအလင်း ကြေညာပြီးသားဖြစ်ကြောင်း” ထည့်သွင်းဖော်ပြခဲ့သည်။

## ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေး

ထို့အပြင် “အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်”ဆိုသည့် စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့ မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်ဟုဖော်ပြခဲ့သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် NCA ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် “သဘာဝ သယံဇာတများ ပေါကြွယ်ဝတဲ့ မိမိတို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေး အမြန်ရရှိလာလေ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လေ ဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော်နေချိန်ဖြစ်လို့ ဒီနေ့အချိန်ကာလဟာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရော၊ NCA လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရော တိုင်းပြည်အကျိုးစီးပွား၊ ပြည်သူပြည်သားများအားလုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရန်အတွက် အကောင်းဆုံး အချိန်ဖြစ်ကြောင်း” အသိပေးပြောကြားခဲ့သည်။

သို့ရာတွင် ယခုရက်ပိုင်းအတွင်း ဘေးပယောဂများကြောင့် ငြိမ်းချမ်းရေးကို မလိုလားဘဲ ကိုယ်ကျိုးစီးပွားအတွက် စစ်ဘုရင်ဝါဒကိုအသက်သွင်းလိုသူ KNU ခေါင်းဆောင်ငယ် အချို့ကြောင့် ကရင်ပြည်နယ် လေးကေ့ကော်မြို့တစ်ဝိုက်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာသည်။

ထိုသို့ဖြင့် ၎င်းတို့သည် အတိတ်ကိုမသိ၍၊ သင်ခန်းစာ မယူခဲ့၍ ထပ်ကျော့အမှားများကို ကျူးလွန်ခဲ့ကြရာမှ ဆယ်စုနှစ် နှစ်စုကျော်မျှ စစ်မက်ကင်းဝေးခဲ့၍ အေးချမ်းစွာ နေထိုင်လာခဲ့ကြရသော ဒေသခံတိုင်းရင်းသားအချို့သည် စစ်၏ဆိုးကျိုးများကို တစ်ကျော့ပြန် ခံစားခဲ့ကြရလေသည်။

“အိတ်တွေ မယူခဲ့နဲ့တော့၊ ဒီအတိုင်း လူချည်းပဲကူးလာခဲ့”၊ “အမေရေ၊ အမေရေ”၊ “ဟီး ဟီး ဟီး” လူမှုကွန်ရက်စာမျက်နှာထက်က ရုပ်သံဗီဒီယိုများမှ တစ်ဆင့် ကြားသိမြင်တွေ့နေရသည့် သောင်ရင်းမြစ်ကမ်းဘေးမှ တစ်ဖက်နိုင်ငံသို့ စစ်ဘေးရှောင် မိမိတို့၏ ညီအစ်ကို မောင်နှမ သွေးရင်းသားရင်းတို့၏ အသံများကား စိတ်မချမ်းမြေ့ဖွယ်ရာပင်။

အသက်အားဖြင့် ၈၀၊ ၉၀ အရွယ် သက်ကြီးရွယ်အို ဖထီးတို့၊ အမိုးတို့၏ တုန်ချည့် တုန်ချည့် ပြေးလွှားနေသည့် ပုံရိပ်များ၊ အရွယ်မရောက်သေးသည့် ဖိုးခွားလေးတို့ကို မိဘများက လက်မှာဆွဲရင်း ပြေးလွှားနေသည့် ပုံရိပ်များကလည်း ရင်မှာမချိတင်ကဲ ခံစားရပါသည်။ ဆယ်စုနှစ် နှစ်ခုကျော်မျှ အပူအပင်အကြောင့်အကြမရှိ အေးချမ်းပျော်ရွှင်စွာ ရှင်သန်ကြီးပြင်းလာခဲ့သော မျိုးဆက်သစ်တို့အတွက်လည်း အတော့်ကို စိတ်မကောင်းဖြစ်ရသည်။

## ငြိမ်းချမ်းရေးကို တန်ဖိုးထားလေးစား

ကရင်ပြည်နယ်တစ်ဝန်း ငြိမ်းချမ်းခဲ့စဉ်ကာလက ခရီးနှင်ရင်း မြင်တွေ့ကြားသိသမျှ ပုံရိပ်များကို ကျွန်တော်ပြန်လည်တမ်းတလာမိသည်။ ကရင်ပြည်နယ်သည် အတိတ်သမိုင်း သင်ခန်းစာများကို အလေးအနက် သင်ခန်းစာရယူသင့်သည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့သာ တစိုက်မတ်မတ်လျှောက်လှမ်းသင့်သည်။ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ရေမြေသဘာဝ သယံဇာတအရ အခွင့်အလမ်းကောင်း များစွာပိုင်ဆိုင်ထားပါသည်။ တစ်ဖက်ထိုင်းနိုင်ငံနှင့် ဆက်စပ်နေ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက်သာမက ဈေးကွက်အရလည်း ပထဝီအနေအထားအရ မဟာဗျူဟာကျကျတည်ရှိလေသည်။ KNU အဖွဲ့အစည်းအနေဖြင့်လည်း NCA စာချုပ်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်သည်။ KNU ခေါင်းဆောင် အစဉ်အဆက်တို့ အခက်အခဲများကြားမှ ရယူထားသော ငြိမ်းချမ်းရေးကို နှောင်းလူတို့ တန်ဖိုးထား လေးစားဖို့သာ လိုအပ်ပေသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့သည် ကရင်တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ် ကရင်နှစ်သစ်ကူးနေ့ဖြစ်သည်။ ကရင်နှစ်သစ်ကူးနေ့အခါသမယတွင် ကျွန်တော်သည် ကရင်တိုင်းရင်းသားပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေ၊ ထာဝရငြိမ်းချမ်းပါစေ ဖွဲကပင်မြေဟု ဆုမွန်ကောင်းတောင်းလိုက်ရပါ၏။ ။

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၆၃၀၊ ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၂၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၃၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၁၂၅၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၄၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၃၃၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၅၇၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၌ ဒေသခံပြည်သူ ၈၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၉၃၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ သံဃာတော်နှစ်ပါးနှင့် ဒေသခံပြည်သူ ၆၇၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နှင့် မိုင်းခတ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၃၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၁၅ ဦး၊ ရခိုင်ပြည်နယ် ပေါက်တောမြို့၌ ကျောင်းသား ကျောင်းသူ ၂၉၆ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့တံတား၌ လက်လုပ်မိုင်းနှစ်လုံး အချိန်မီဖော်ထုတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၇

**ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ကော့ကရိတ်-မြဝတီသွား အာရှလမ်းမကြီးပေါ်ရှိ ကော့နွဲ့ကျေးရွာအနီး ကော့နွဲ့တံတားအောက်၌ လက်လုပ်မိုင်းနှစ်လုံးကို အချိန်မီဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည်။**



သိမ်းဆည်းရမိသည့် လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ငြိမ်းချမ်းမှုကို လိုလားသော ပြည်သူလူထုအချို့ သတင်းပို့ချက်အရ အကြမ်းဖက်လုပ်ရပ်ကို လက်ခံသော KNLA လက်အောက်ခံတပ်မှူးအချို့နှင့် NUG၊ PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီ-ကော့ကရိတ် အဓိကဆက်သွယ်ရေးလမ်းမကြီးအား ခရီးသွားပြည်သူများနှင့် ကုန်စည်စီးဆင်းမှု ရပ်တန့်စေရန် ရည်ရွယ်ချက်ဆိုးဖြင့် ကော့နွဲ့ကျေးရွာအနီး အရှည် ၁၉၆ ပေ၊ အကျယ်ပေ ၄၀ ရှိ သံကူကွန်ကရစ်တံတားကြမ်းခင်းအောက်၌ ဖောက်ခွဲရန်အသင့်ဖြစ်နေသည့် ယမ်းအပြည့်ဖြည့်လျက် စနက်ကြိုးတပ်လျက်၊ ငါးဂါလန်ပုံး နှစ်ပုံးဆင့်လျက်



ကော့နွဲ့တံတားအောက်၌ တွေ့ရှိသည့် လက်လုပ်မိုင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းသိမ်းဆည်းစဉ်။

တွေ့ရှိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ ရှင်းလင်းနိုင်ခဲ့သည်။ ဖြစ်စဉ် နေရာတစ်ဝိုက်နှင့် ပတ်ဝန်းကျင် နယ်မြေအတွင်း တပ်ဖွဲ့ဝင်များက ဆက်လက် ပတ်သက် ဆက်စပ်သူများကို ဆောင်ရွက် ဖော်ထုတ်ရရှိနိုင်ရေး လုံခြုံရေး လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသော ဆန်များအား မန်စီကျေးရွာအတွင်းရှိ ကျေးရွာသူ ကျေးရွာသားများကို ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် မန်စီကျေးရွာအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေး



တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများမှာ ရွာ၏အနောက်တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး အကြမ်းဖက်သမားများက ပြည်သူများထံမှ အတင်းအဓမ္မကောက်ခံထားသည့် ဆန် ၂၂ အိတ်ကို သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း လိုအပ်သည့် စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပြီး အကြမ်းဖက်မှုနှင့် ပါဝင်ပတ်သက်ခြင်းမရှိသော ကျေးရွာသူ ကျေးရွာသားများကို သိမ်းဆည်းရမိသည့် ဆန် ၂၂ အိတ်ကို ဖြန့်ဝေ ပေးအပ်ခဲ့ကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မြိတ်မြို့နယ် ရှမ်းထိန်းကျေးရွာရှိ အောင်နိုင်ဝင်း၏ ဖူဆယ်ဘောလုံးကွင်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကို သိမ်းဆည်း ရမိသည်။

အလားတူ နံနက် ၈ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ခရူတောရပ်ကွက်နေ ဇေယျာဖြိုး(ခ) စူလာမန်၏နေအိမ်တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၈၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၆ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် တာပန်ချောက်ကျေးရွာနေ လောက်တား ၏နေအိမ်သို့ ဝင်ရောက် ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တို့ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကွတ်ခိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့နယ် နောင်ဗျက်ကျေးရွာအနီးတွင် လိကွယ်တုန်းအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၂-၂၀၂၁ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊ မောရ်သုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** လှပစွာပုံဖော်ထုဆစ်ထားသလွှာမြေမှ သဘာဝတွင်းထွက်ကျောက်အလှဆင် ပစ္စည်းများ
**၀၉:၄၅** ကိုဗစ်-၁၉ တိုက်ဖျက်ရေး ရောင်စုံကမ္ဘာမှပညာပေး
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** MRTV National News
**၁၄:၀၀** ဝေဟင်ထက်က တရုတ်ပြည်(အပိုင်း-၄) 'ကန်းစုပြည်နယ်'
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'တတုငေဒဘာသာရပ်'
**၁၆:၃၅** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် 'လွတ်လပ်ရေးတေးသံဂီတဟန်' (အပိုင်း-၁)
**၁၇:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၆)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၁၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ် 'လွတ်လပ်ရေးတေးသံဂီတဟန်' (အပိုင်း-၂)
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၁)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Indonesia Pavilion at Expo 2020 Dubai
**07:36** Suvanna Sama (Hnin Yee Thant)
**07:45** Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
**08:01** Journey To The Mogok (Part-1)
**08:24** Secret Recipes by Gourmet Chefs (Thai)
**08:56** Inn-Waing Waterfall
**08:49** Kay Tu Mar Lar "The Family"
**09:01** An Ode To Love
**09:04** Myanmar Handicrafts
**09:36** Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song "Surviving Hardship"
**09:41** Myanmar Invites You

**MRTV NRC**

**ပအိုဝ်းရင် (၀၆:၀၀ မှ ၀၇:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖိုင်းဖြူရွာကရေလုပ်သားကြီးဘဝ
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
နှစ်သစ်ဦးရဲ့ကောက်သစ်ထမင်းဝိုင်း
**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ရေးမယ်၊တို့ချင်းစာ(အပိုင်း-၂၃)
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
မြားတံပြုလုပ်ခြင်းနှင့်အထားအသို
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ငါးပုံတောင်သို့အလည်တစ်ခေါက်
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
သံလွင်မြစ်နံဘေးကဟိုလိန်းဓာတ်တော်စေတီ
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရေအားလျှပ်စစ်အပန်းဖြေစခန်း
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဗိုင်းဝါးစကားပြောကြရအောင်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံဝမ်းမဲ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၁၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း(ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၁၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ နေ့စဉ်နေ့တိုင်း နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ပြည်သူ အပေါ် မဟုတ်မမှန်ဝါဒဖြန့် သွေးထိုးလှုံ့ဆော်နေသော ပြည်ဖျက်မီဒီယာများ" ခေါင်းစဉ်ဖြင့် ဒီဇင်ဘာလ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ဒီဇင်ဘာ ၁၄ ရက်၌ ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင် အား လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့မှ သေနတ်ဖြင့် အကြောင်းမဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် အင်္ဂါနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း၊ ပါဝင်လာသည့် ပရိတ်သတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

# ဒက္ခိဏသီရိမြို့နယ်သမဝါယမအသင်းစုက ရောမင်းစပါးများဝယ်ယူ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပျဉ်းမနား၊ ပုဗ္ဗသီရိနှင့် ဇေယျာသီရိ မြို့နယ်သမဝါယမအသင်းစုများက သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးခဲ့သော ဆင်းသုခနှင့် မဂျမ်းတောစပါးတင်းပေါင်း ၁၆၀၀ ဝယ်ယူခဲ့ပြီး ယခုအခါ ဒက္ခိဏသီရိမြို့နယ် သမဝါယမအသင်းစုက ရောမင်းစပါးတင်းပေါင်း ၂၀၀ ကို ဝယ်ယူခဲ့သည်။

ထို့ပြင် နေပြည်တော်အတွင်း မြို့နယ်အလိုက်၊ အသင်းအလိုက် စပါးဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ စပါးများရောင်းချမှု အခက်အခဲမရှိစေဘဲ သင့်တင့်မျှတသော ဈေးနှုန်းများရရှိစေရန် ရည်ရွယ်၍ သမဝါယမကဏ္ဍက စပါးဝယ်ယူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၇ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၀၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၁၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၀၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၈၀ ကျပ် | ၁၂၉၀/၁၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၆၀/၁၃၀၀ ကျပ် | ၁၃၁၀/၁၃၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၇၅/၁၃၀၅ ကျပ် | ၁၃၃၅/၁၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၂၅/၁၃၇၀ ကျပ် | ၁၄၅၀/၁၄၆၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၃ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၁ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၀၁၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၁ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၁၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၀၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၀၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၂၁ | ၁၀၁၆၄၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၂၉ | ၃၉၉၉၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဒုတိယသာလွန်

ဆရာမဲဇာ

**အာဟာရသုတေသီများက မြန်မာအမျိုးသားကြီးတစ်ယောက်အတွက် နေ့စဉ်လိုအပ်သော အာဟာရထဲတွင် ဆန် နို့ဆီဘူး နှစ်လုံး အနည်းဆုံး လိုအပ်သည်ဟု ဆို၏။ သို့ဖြစ်၍ နှစ်လခန့်အတွင်း ဆန်တစ်တင်းစားပြီး တစ်နှစ်လျှင် ဆန်ခြောက်တင်းမျှ (သုံးတင်းဝင် နှစ်အိတ်မျှ) စားသုံးရန်သင့်သည်ဟု အကြံပြုခဲ့ကြပါသည်။**

မြန်မာတို့၏ ရှေးရိုးစဉ်လာ အလေးတင်းတောင်းများ၏ စံကိုက် သတ်မှတ်ချက်မှာ ဆန်ဆိုလျှင် ပြည်တောင်း၊ တင်းတောင်းနှင့် ချိန်ကြ၏။ ဆန် ၁၆ ပြည်လျှင် တစ်တင်းရှိ၏။ "ဆယ်ခြောက်ပြည်ပိုင်စိုးသည့် မင်းမျိုးတဲ့ရာဇာ၊ ရှေးကုသိုလ်ကံမကောင်း၍ ခေါင်းကမပါ" ဟူ၍ စကားထာဖွက်ကြရာတွင် ပြည်တောင်းနှင့် တင်းတောင်းတို့၏ ဆက်သွယ်မှုကိုပြ၏။ အဖြေမှာ "တင်းတောင်း"ဟူ၍ ဖြစ်ပါသည်။

### ထူးဆန်းသည့်ဆက်နွယ်မှု

ဤတွင် ထူးဆန်းသည့် ဆက်နွယ်မှုဖြစ်လာပြန်၏။ ဆန်တစ်ပြည်တွင် နို့ဆီဘူး ရှစ်ဘူး ရှိသည်ဟူသော ဆက်နွယ်မှုပင်။ ရှေးရိုး မြန်မာ အခြင်အတွယ်ထဲတွင် အနောက်တိုင်းဖြစ် နို့ဆီခွက်များက မည်သို့ မည်ပုံ စပ်ယှက်လာသနည်းဟူသည်ကို လေ့လာသင့်တော့၏။ နို့ဆီဘူးခွံတစ်ဘူး၏ အလေးချိန်ကိုလည်း ၂၅၀ ဂရမ် ရှိကြောင်း ပညာရှင်တို့က သတ်မှတ်ပြန်၏။

အနောက်တိုင်း၏ CGS စနစ်အရ ဖြစ်ပါသည်။ အရှည်အလျားကို စင်တီမီတာ၊ အလေးချိန်ကို ဂရမ်၊ အချိန်ကို စက္ကန့်နှင့် တိုင်းတာခြင်းမှာ နိုင်ငံတကာစနစ် ဖြစ်ပါ၏။ FPS စနစ်ဆိုသည်မှာ အရှည်အလျားကို ပေ၊ အလေးချိန်ကို ပေါင်နှင့်ပြ၍ အချိန်မှာမူ အတူတူ စက္ကန့်နှင့် တိုင်းတာသော အခြေခံရှိပေသည်။ ဤတွင် မြန်မာတို့၏ အလေးချိန်စနစ်ဖြစ်သော ကျပ်သားနှင့် ပိဿာတို့နှင့် ချိန်ဆကြပြန်၏။ ဆန် ၁၀၀ ဂရမ်သည် မြန်မာအလေးချိန် (၆ ၁/၄) ကျပ်သားနှင့် ညီသည်ဟု ဆိုပြန်၏။

အရည်များကို ခြင်တွယ်ရာတွင်လည်း မြန်မာတို့စံသတ်မှတ်ထားသော ကျပ်သား၊ အစိတ်သား၊ ငါးဆယ်သား၊ ပိဿာခြင်တွယ်ခွက်များ၌ သူ့ခွက်နှင့် သူ့အလေးချိန်ကို သတ်မှတ်ထားရှိပါသည်။ အနောက်တိုင်းမှလာသော အာဟာရ ခြင်တွယ်နည်းများတွင်မူ လက်ဖက်ရည်ဇွန်း၊ လက်ဖက်ရည်ကြမ်းထည့်သော ပန်းကန်၊ လက်ဖက်ရည်ပန်းကန်၊ ဖန်ခွက် စသည်ဖြင့် ညှိနှိုင်း၍သုံးရန် အကြံပြုထားလေသည်။

### မှန်းဆပမာဏတွက်ရန်ခက်

ခက်နေသည်က အနောက်တိုင်းတွင် စံသတ်မှတ်ချက်များနှင့် ညီသော ဇွန်း၊ ခွက်၊ ပန်းကန်များ ထုတ်လုပ်ခဲ့ကြသလောက် မြန်မာတို့မှာ လက်ဖက်ရည်ဇွန်း၊ ငါးပိရည်ဇွန်း၊ ကြွေဇွန်း၊ သံဇွန်း၊ စတီးဇွန်း စသည့် ဇွန်းအမျိုးမျိုးများစွာရှိ၏။ ထိုဇွန်းများတွင်ပါဝင်သော အရည်ပမာဏတွေ မတူညီ။ လက်ဖက်ရည်ကြမ်း ပန်းကန်အမျိုးမျိုး၊ လက်ဖက်ရည်ပန်းကန် အမျိုးမျိုး၊ ဖန်ခွက်အမျိုးမျိုး ရှိကြလေသည်။ ရှေးကသုံးသော ကြေးခွက်၊ အုန်းမှုတ်ခွက်များမှာလည်း ထုထည် မှန်းဆပမာဏ တွက်ရန်ခက်ပါ၏။

သူ့ဒေသအလိုက် သူသုံးစွဲနေသော အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်းများမှာ အလွန်ပင် ကွာခြားလျက်ရှိပါ၏။ စံကိုက်ဇွန်းနှင့် ခွက်များ(Standard Spoon and Cup Measures) ဖြင့် ခြင်တွယ်သုံးစွဲသော နိုင်ငံများတွင် ကွဲလွဲချက်မရှိလှပါ။ ထုတ်လုပ်ထားသောခွက်များသာမက ဘူးများတွင်ပင် အရည်ပမာဏ တိုင်းတာပေးထားသော အမှတ်အသားများ ပါရှိနေပါသည်။

ဝမ်းလျှော ဝမ်းပျက်ရောဂါများ သက်သာစေဖို့ ဓာတ်ဆားရည်ဖြင့် ပြုစုနည်းသစ်ပေါ်ပေါက်လာသောအခါ ကျွန်တော်တို့ဌာနလည်း ခေတ်နှင့်အညီ ဓာတ်ဆားရည်ဖျော်နည်း ပညာပေးရပါသည်။ ရေတစ်လီတာတွင် ဆားတစ်ဇွန်းနှင့် သကြားရှစ်ဇွန်းထည့်၍ဖျော်ကာ ကလေးတွေ ဝမ်းလျှောဝမ်းပျက် လူနာတွေကို တိုက်ဖို့ညွှန်ကြားခဲ့ပါသည်။

ထိုအချိန်က ရေသန့်ဘူးတွေ မပေါ်သေးပါ။ သို့ဖြစ်၍ ရေတစ်လီတာ တိတိကျကျရဖို့ ပြဿနာရှိပါသည်။ သကြားနှင့် ဆားကို ခြင်တွယ်ဖို့ ဇွန်းမှာလည်း စံကိုက်လက်ဖက်ရည်ဇွန်း ဖြစ်ရပါမည်။ ကျေးလက်ဒေသအောက်ခြေကလူများမှာရှိသော ဇွန်းများမှာ အမျိုးမျိုး ကွဲပြား၍နေ၏။ နောက်ပိုင်းတွင် မြန်မာနိုင်ငံ BPI စက်ရုံထုတ် အသင့်စပ်ပြီးသား ဓာတ်ဆားထုပ်များ ထွက်ရှိလာသောအခါ ပို၍လွယ်ကူသွားပါသည်။

မြန်မာဓာတ်ဆားထုပ်များတွင် မြန်မာလိုရေးထားသော လမ်းညွှန်များပါရှိ၏။ ရေတစ်လီတာကို ဓာတ်ဆားထုပ်တစ်ထုပ် သုံးရန်နှင့် ထိုဓာတ်ဆားထဲတွင် ပါဝင်သော ဆား၊ သကြား စသည့် ဓာတ်များကို အလေးချိန်အတိအကျ ညွှန်းထားပါသည်။ လူထုအတွက် လွယ်ကူအောင်ထုတ်လုပ်ပေးထားသဖြင့် အားလုံး အဆင်ပြေသွားမည်ဟု ထင်ခဲ့၏။

### စံခွက်များဖြင့် ခြင်တွယ်အကဲဖြတ်

ကျွန်တော်တို့အဖွဲ့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပါရဂူများနှင့် ပူးပေါင်း၍ ကွင်းဆင်းသုတေသနလုပ်ကြ၏။ ဝေးဝေးမဟုတ်၊ ရန်ကုန်မြို့ထဲ၌ပင် ဖြစ်ပါသည်။ ဓာတ်ဆားရည်ဖျော်ခြင်း ဗဟုသုတနှင့်ပတ်သက်၍ စာတွေ့မဟုတ်ဘဲ လက်တွေ့ဖျော်ပြခိုင်းပြီး ကျွန်တော်တို့မှာ ပါလာသော စံခွက်များဖြင့် ခြင်တွယ်အကဲဖြတ်ကြပါသည်။

ဗဟုသုတနှင့် လက်တွေ့ မည်မျှကွဲပြားသွားကြောင်း ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ အထူးပင်အံ့ဩရပါသည်။ အမြင်ကျယ်၍ ဗဟုသုတများသည်ဟု ထင်ရသော ရန်ကုန်မြို့မှ အိမ်ရှင်မများ၊ ပညာတတ်များ (အထူးကုဆရာဝန်အချို့ပင်ပါဝင်) ဖြေဆို လုပ်ဆောင်ကြသည်ကို စောင့်ကြည့်လေ့လာသောအခါ လူပေါင်းသုံးထောင်ကို ကျပန်းရွေးချယ်တွေ့ဆုံခဲ့ရာ ဓာတ်ဆားရည်ကို တိကျစွာဖျော်စပ်ပြသူ တစ်ယောက်တည်းကိုသာ တွေ့ရပေသည်။ လူသုံးထောင်မှာ တစ်ယောက်သာ မှန်စွာ အလုပ်လုပ်နိုင်သည်ဟု အဖြေမထုတ်ရဲခဲ့ပါ။

မြန်မာလို တိကျစွာရေးထားသော ဆေးညွှန်းကို မဖတ်သူ၊ ဖတ်ထားသော်လည်း ဓာတ်ဆားထုပ်၏ တစ်ဝက်ကို ရေခွက်တစ်ဝက်နှင့် ဖျော်စပ်သူတွေများ၏။ ဓာတ်ဆားထုပ်ထဲတွင် ရောနှောထားသော ဆားနှင့်သကြားမှာ တစ်ထုပ်လုံးသုံးမှ အချိုးအဆမှန်ပါမည်။ တစ်ဝက်တစ်ပျက်ရောလျှင် ဆားနှင့်သကြား အချိုးအဆမမှန်တော့ပါ။ ထိုအခါတွင် ဆေးမဖြစ်ဘဲ ဘေးဖြစ်နိုင်ပါသည်။

ပြဿနာအဖြစ်ဆုံးမှာ ရေတစ်လီတာကိစ္စ ဖြစ်ပါသည်။ ကျွန်တော်တို့ သုတေသနပြုသော လူသုံးထောင်တွင် တစ်ယောက်တည်းသာ အမှန်လုပ်နိုင်သည်။ သို့ရာတွင်လည်း လူတော်၍မဟုတ်ဘဲ သုံးသည့်ခွက်က စံကိုက်ဖြစ်နေ၍ ဖြစ်ပါသည်။ သူသုံးသောမတ်ခွက်မှာ စံကိုက် (၅၀၀ စီစီ) ရှိပါသည်။ ဓာတ်ဆားရည်တစ်ထုပ်နှင့် ထိုခွက်နှစ်ခွက်စာ ရေကို ဇလုံထဲတွင်ထည့်၍ ဖျော်သဖြင့် တိကျသောအဖြေ ရရှိပါသည်။

ကျွန်တော်တို့ရခဲ့သော သင်ခန်းစာမှာ ...

အသိနှင့်အလုပ် များစွာကွာဟနေကြောင်း ၊ စံကိုက်အိုးခွက်ပန်းကန်တွေ တိုင်းပြည်မှာ လိုအပ်နေကြောင်းတို့ပင်ဖြစ်ပါသည်။

### ကျန်းမာရေးအသိပညာ လိုအပ်ချက်တွေရှိ

အကြံပေးသူတို့အတွက် "အလွယ်ကလေးပါ" ဆိုသောအရာသည် လက်တွေ့လုပ်ရသူအတွက် ကျော်လွှားရသော အချက်ပေါင်းများစွာ ရှိသည်ကို သိသူနည်းလှသဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း (Health Literacy) အရေးကြီးပုံကို အသိအမှတ်ပြု တိုက်တွန်းထားသော (Shanghai Declaration) ဖြင့် ကမ္ဘာ့ကျန်းမာမှု မြှင့်တင်ရေးကွန်ဖရင့်မှ ဆုံးဖြတ်ခဲ့ပါသည်။ လူထုမှာ ကျန်းမာရေးအသိပညာ လိုအပ်ချက်တွေရှိသည် မှန်၏။ လူထုမှာ ဘာတွေသိ၍ ဘာတွေရှိသည်ကို မသိသော ပညာတတ်ဆိုသူများက ဖန်တီးထားသော အခက်အခဲများရှိနေသဖြင့် လူထုကို ပညာပေးလိုသူများကိုယ်တိုင် Health Literacy နှင့်အညီ ပြန်လည်သင်ကြားရန် (Relearn)လိုလာ၏။

အာဟာရပညာရှင်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်ကြည့်ပါ။ အာဟာရမျှတသော အစာ။ အာဟာရမျှတသော အစာဆိုသည်မှာ လူတစ်ယောက်အတွက် လိုအပ်သောအာဟာရဓာတ်များ အမျိုးအမည်အားဖြင့်ပြည့်စုံပြီး ပမာဏအားဖြင့် လုံလောက်ရသည့်အပြင် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အစာကို ဆိုလိုပါသည်။ အဆိုပါအစာသည် လူတစ်ဦးချင်းအတွက် လူမှုရေး၊ စီးပွားရေးအား ပြန်လည်လိုက်လျောညီထွေမှုရှိပြီး လက်ခံနိုင်သော အစာ ဖြစ်ရပါမည်။

ယခုအခါ ပညာရှင်များစွာက ပုံစံအမျိုးမျိုး၊ ဇယားအမျိုးမျိုးဖြင့် အာဟာရပညာပေးနေကြသည်ကို တွေ့နေရပါသည်။ လူတို့ အသိပညာတိုးလာ၏။ သို့ရာတွင် သိခြင်းနှင့် လုပ်ခြင်းကြားတွင် ယုတ်စွအဆုံး အလေးချိန် အခြင်အတွယ်များမှာ ပြဿနာရှိနေ၏။ ဈေးထဲတွင် ပုံစံအမျိုးမျိုး၊ အခြင်အတွယ် အမျိုးမျိုး၊ ကတ္တားအမျိုးမျိုး တွေ့နိုင်၏။ အလေးချိန်တိုးရန် ရေထိုး၊ ခဲထိုး စသည့် ညစ်နည်းများလည်းရှိ၏။ ကုန်စိမ်းဈေးများ (Wet Markets)သည် ပညာတတ်တို့ ကျက်စားရာဖြစ်ဖို့လိုလာ၏။ တာဝန်ရှိသူတို့၏ ဖြောင့်မှန်သော ကွပ်ကဲမှုလိုလာ၏။ ဈေးသည်တို့၏ အပြုအမူများကို ကျန်းမာရေးနှင့်ညီသော အပြုအမူများ (Healthy Behaviors) များ ဖြစ်စေရန် စည်းရုံးဖို့လိုလာ၏။ စေတနာဖြင့် အာဟာရများ ပြည့်စုံအောင် ကူညီရောင်းချရာတွင် အလေး၊ တင်းတောင်း မှန်ကန်စွာ ရောင်းချပေးမှသာ ချက်နည်း ပြုတ်နည်း စာအုပ်ကြီးအတိုင်း ဖြစ်လာပေမည်။

မြန်မာရာဇဝင်တွင် သာလွန်မင်းကြီးတစ်ပါးသာလျှင် နိုင်ငံအတွင်း အလေး၊ တင်းတောင်းများ စံကိုက်ဖြစ်စေရန် ကိုယ်တော်တိုင် ကြီးကြပ်ညွှန်ကြားခဲ့ကြောင်း သင်ခဲ့ရ၏။

အာဟာရမျှတ မှန်ကန်စွာ စားသုံးနိုင်ရန်အတွက် မြန်မာတို့၏ ဈေးထဲကို ဂရုစိုက်သော "ဒုတိယသာလွန်" လိုနေ၏။

> **"ယခုအခါ ပညာရှင်များစွာက ပုံစံအမျိုးမျိုး၊ ဇယားအမျိုးမျိုးဖြင့် အာဟာရပညာပေးနေကြသည်ကို တွေ့နေရပါသည်။ လူတို့ အသိပညာတိုးလာ၏။ သို့ရာတွင် သိခြင်းနှင့် လုပ်ခြင်းကြားတွင် ယုတ်စွအဆုံး အလေးချိန် အခြင်အတွယ်များမှာ ပြဿနာရှိနေ၏။ ဈေးထဲတွင် ပုံစံအမျိုးမျိုး၊ အခြင်အတွယ်အမျိုးမျိုး၊ ကတ္တားအမျိုးမျိုးတွေ့နိုင်၏။ အလေးချိန် တိုးရန် ရေထိုး၊ ခဲထိုး စသည့် ညစ်နည်းများလည်းရှိ၏။ ကုန်စိမ်းဈေးများ (Wet Markets)သည် ပညာတတ်တို့ ကျက်စားရာဖြစ်ဖို့လိုလာ၏။ တာဝန်ရှိသူတို့၏ ဖြောင့်မှန်သော ကွပ်ကဲမှုလိုလာ၏။ ဈေးသည်တို့၏ အပြုအမူများကို ကျန်းမားရေးနှင့်ညီသောအပြုအမူများ (Healthy Behaviors) များဖြစ်စေရန် စည်းရုံးဖို့လိုလာ"**

---

## သီပေါမြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာနက ဆီစက်များသို့ ကွင်းဆင်းစစ်ဆေး

သီပေါ ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှတာဝန်ရှိသူများသည် မြို့နယ်အတွင်း ဆီစက်မှထုတ်လုပ်ရောင်းချနေသော စားသုံးဆီများ ထုတ်လုပ်ရောင်းချနေမှုအခြေအနေနှင့် လုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားမှုအခြေအနေများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းရာတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူးက အောင်ရတနာ ဆီစက်လုပ်ငန်းရှင်နှင့် တွေ့ဆုံ၍ စားသုံးဆီထုတ်လုပ်ရာ၌ ကုန်ကြမ်းမှ ကုန်ချောသို့ ရောက်ရှိပုံအဆင့်ဆင့်အခြေအနေများ၊ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များ မှတ်ပုံတင်ထားရှိမှု၊ ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်သို့ ရောင်းချရာတွင် သတ်မှတ်ထားသော ကုန်အညွှန်းအမှတ်အသားများ ဖော်ပြထားရှိမှုနှင့် ကုန်စည်အပေါ် အာမခံချက်ပေးထားခြင်းများအတွက် ဆွေးနွေးပြီး စက်ရုံတွင် ဆီထုတ်လုပ်နေမှုနှင့် ထုပ်ပိုးနေမှုများအား ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

စိုင်း(သီပေါ)

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော်များသို့ ဆုတောင်းမေတ္တာနှင့် ကောင်းချီးတောင်းခံခြင်းများ ဆောင်ရွက်ခဲ့ပြီး ခရစ္စမတ်ဂါရဝပြုလက်ဆောင်များ ပေးအပ်လှူဒါန်း

**မြစ်ကြီးနား ဒီဇင်ဘာ ၂၇**

ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်အသင်းတော်များသို့ ခရစ္စမတ်ပွဲတော်အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်များကို ဒီဇင်ဘာ ၂၆ ရက်က သွားရောက် ပေးအပ်လှူဒါန်းကြပြီး ဆုတောင်းမေတ္တာနှင့် ကောင်းချီးတောင်းခံခြင်းများ ဆောင်ရွက်ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဝန်းသိုကျောင်းတိုက်သို့ သွားရောက်ပြီး ဝန်းသိုကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ မေးမြန်းလျှောက်ထားတင်ပြကြပြီး ခရစ္စမတ်အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်ကို ဆက်ကပ်လှူဒါန်းကာ ဆုတောင်းမေတ္တာပို့သမှုကို ခံယူခဲ့ပြီး ခေမာသီရိရပ်ကွက်ရှိ ခေမာသီဝံကျောင်းတိုက်သို့ ဆက်လက် သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ရှိ ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC)ရုံးသို့ သွားရောက်ပြီး သိက္ခာတော်ရ ဆရာတော်များ၊ အသင်းတော်တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ခရစ္စမတ်ဂါရဝပြု လက်ဆောင်ကို ပေးအပ်လှူဒါန်းကာ သိက္ခာတော်ရဆရာများထံမှ ကောင်းချီးပေး ဆုတောင်း ဆက်ကပ်ခြင်းများကို ခံယူခဲ့ကြသည်။

အလားတူ မြစ်ကြီးနားမြို့ အောက်နန်းရပ်ကွက်၊ ကတ်သလစ်အသင်းတော်ဘုရားကျောင်း၌ ဘုန်းတော်ကြီးများအား လည်းကောင်း၊ မြို့သစ်ရပ်ကွက်ရှိ ခရစ်တော်၏အသင်းတော်၌ သိက္ခာတော်ရဆရာများထံ လည်းကောင်း၊ တပ်ကုန်း (အင်ဂျန်ဒုံ) ရပ်ကွက်ရှိ AG အသင်းတော် ဘုရားကျောင်း၌ သိက္ခာတော်ရဆရာတော်များထံလည်းကောင်း၊ တပ်ကုန်းရပ်ကွက်ရှိ အင်္ဂလိကန်အသင်းတော် ဘုရားကျောင်း၌ ဘုန်းတော်ကြီးဖာသာများထံလည်းကောင်း ခရစ္စမတ်ဂါရဝပြုလက်ဆောင်များ လှူဒါန်းပေးအပ်ကြပြီး ကောင်းချီးပေး ဆုတောင်းဆက်ကပ်ပေးခြင်းများကို ခံယူခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## လက်ပံတန်းမြို့နယ်တွင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များနှင့် နွားမွေးမြူရေး သင်တန်းဖွင့်လှစ်

**လက်ပံတန်း ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်များ (GAHP) နှင့် နွားမွေးမြူရေးသင်တန်းဖွင့်ပွဲကို ညောင်ဝိုင်းကျေးရွာ၌ ယမန်နေ့က ပြုလုပ်သည်။

အဆိုပါသင်တန်းတွင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် စနစ်တကျ မွေးမြူထုတ်လုပ်မှုအခြေခံများ ရရှိစေရန်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရန်သာမက ဘေးအန္တရာယ်ကင်းရှင်းသော ပိုလျှံသော အသား၊ နို့၊ ဥများ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်၊ ဒေသနွား၊ နို့စားနွားများနှင့် အသားစားနွားများ ပိုမိုမွေးမြူလာစေရေးနှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများမှ ဇီဝမြေသြဇာများ ရရှိထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် လွတ်ကျောင်းစနစ်မှ ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူစေရေးတို့ကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစိုးမိုးဝင်းထံမှ သိရသည်။

သင်တန်းကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သင်တန်းသား ၁၀ ဦးကို စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မူဆယ်မြို့နယ်၌ တအာင်းနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် မူဆယ်မြို့နယ်တွင် တအာင်း နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်က မိုင်းယု (၁၀၅) မိုင်ကျေးရွာ အောင်သိရိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကာ မူဆယ်ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရပ်နီးရပ်ဝေးမှ တအာင်း(ပလောင်)တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။

တအာင်းနှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းမှစ၍ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရိုးရာယဉ်ကျေးမှု ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပပြီး ည ၁၂ နာရီခန့်တွင် တအာင်းနှစ်သစ်မင်္ဂလာကို မီးရှူးမီးပန်းများ၊ ဗြောက်အိုးများ ဖောက်၍ ရိုးရာအကပဒေသာများဖြင့် ကြိုဆိုခဲ့သည်။ ဒီဇင်ဘာ ၂၄ ရက်က အခမ်းအနားကို ဆက်လက်ကျင်းပရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်မတော်မှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ လူမှုကူညီရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ပြီး မြန်မာနိုင်ငံ တအာင်း(ပလောင်)စာပေယဉ်ကျေးမှု(ဗဟို) ကော်မတီဥက္ကဋ္ဌထံမှ ပေးပို့လာသော နှစ်သစ်မင်္ဂလာသဝဏ်လွှာကို ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ မူဆယ်မြို့နယ်နာယက ဦးမိုင်းလုရွှေက ဖတ်ကြား၍ ခရိုင်အုပ်ချုပ်ရေးမှူးက နှစ်သစ်ကူး မင်္ဂလာစကားပြောကြားသည်။



တအာင်းစာပေနှင့်ယဉ်ကျေးမှု (ဗဟို)ကော်မတီ ဒုတိယဥက္ကဋ္ဌက "လူမျိုးတိုင်း ကိုယ့်လူမျိုးရဲ့ဓလေ့ထုံးစံဆိုတာ ရှိကြပါတယ်။ အခုဆိုရင် တအာင်းနှစ်သစ်ကူးပွဲတော်ကိုးကြိမ်မြောက်ဆိုတာ သဝဏ်လွှာထဲမှာလည်း ဖတ်ကြားခဲ့ပါတယ်။ တအာင်း(ပလောင်) နှစ်သစ်ကူးဟာ ရှေးကတည်းက ကျင်းပခဲ့တာပါ။ တစ်မျိုးသားလုံးရဲ့ နှစ်သစ်ကူးဖြစ်လာဖို့ အားလုံးရဲ့ သဘောတူညီချက်ရမှသာ နှစ်သစ်ကူးပွဲတော်ကို အတည်ပြု ကျင်းပလို့ရတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ ကိုဗစ်ရောဂါကြောင့် စည်စည်ကားကား မလုပ်နိုင်ခဲ့ပါဘူး။ လာမယ့်နှစ်တွေမှာ အားလုံး ရောဂါကင်းဝေးပြီး မိမိတို့ရိုးရာယဉ်ကျေးမှုပွဲတော်တွေကို စည်စည်ကားကား ကျင်းပနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။ သန့်ဇင်(မူဆယ်)



## မယ်စဲ့မြို့နယ်တွင် အသက် ၁၈ နှစ်အထက် ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**မယ်စဲ့ ဒီဇင်ဘာ ၂၇**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု မကျန်ရှိစေရေးအတွက် ရပ်ကွက်ကျေးရွာများအရောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညှော့ရိပ်သာ၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဌာနဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ စတုတ္ထအသုတ် (ဒုတိယအကြိမ်)နှင့် ပဥ္စမအသုတ်(ပထမအကြိမ်) အဖြစ် မြို့ပေါ်ရပ်ကွက်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်တစ်ခါမျှ မထိုးနှံရသေးသည့် အသက် ၁၈ နှစ်အထက် ပြည်သူများ၊ ရွှေ့ပြောင်းလုပ်သားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

မယ်စဲ့မြို့နယ်၌ ယနေ့အထိ အသက် ၁၈ နှစ်အထက် ဒေသခံပြည်သူ ၂၀၄၆ ဦး၊ အသက် ၁၂ နှစ် အထက် ကျောင်းသား ကျောင်းသူ ၇၉ ဦး စုစုပေါင်း ၂၁၂၅ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ပြီး ကိုဗစ်ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံနိုင်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ၂၀၂၂ ခုနှစ်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ပို့စကတ် ထုတ်ဝေ




ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ပို့စကတ် ၄ မျိုးအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ် ၄ မျိုးအား "မန္တလေးကျုံးညရှုခင်းအလှ၊ မြန်မာ့ရိုးရာဆံရစ်ဝိုင်းအလှ၊ ရန်ကုန်မြို့ရှုခင်းအလှ၊ မြန်မာ့ရိုးရာမင်းသား၊ မင်းသမီးနှင့် ရုပ်သေးအကအလှ" ဓာတ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၁၂၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ် ဘိုကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်

**လပွတ္တာ ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဘိုကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်က အမှာစကား ပြောကြားပြီး ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုက မီးလင်းရေးဆောင်ရွက်ခဲ့မှု အခြေအနေကို ရှင်းလင်းပြောကြားကာ မီးလင်းရေးဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆိုလာဒီဇယ် မီးစက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဘိုကုန်းကျေးရွာအိမ်ခြေ ၃၇၅ အိမ်အတွက် လျာထားပြီး ယခုလျှပ်စစ်ဓာတ်အားသုံးစွဲမှု အိမ်ခြေ ၉၂၄၁၊ ဆေးခန်း တစ်ခန်း၊ ဘာသာရေးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်း၊ အုပ်ချုပ်ရေးမှူးရုံး တစ်ရုံး၊ ကုန်ထုတ်လုပ်မှု သုံးခု၊ ဝပ်ရှော့ သုံးခု၊ လမ်းမီး ၉၃ တိုင်၊ ဓာတ်တိုင် ၁၇၅ တိုင်၊ မီးပေးချိန် ၂၄ နာရီ၊ မီတာခ ငွေကျပ် ၄၀၀၊ ကုန်ထုတ်လုပ်မှု ငွေကျပ် ၅၀၀ ဖြင့် လျှပ်စစ်မီးပေးဝေလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စားပွဲတင်တင်းနစ် ပြိုင်ပွဲကျင်းပ

**ကလေးဝ ဒီဇင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေး နေ့ အကြိုစားပွဲတင် တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ချင်းတွင်းမြစ်သာခန်းမ၌ ကျင်းပသည်။

အဆိုပါ စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အမှာစကားပြောကြားပြီး စားပွဲတင်တင်းနစ် ပြိုင်ပွဲကို အုပ်စုများခွဲ၍ ကျင်းပသည်။

သက်ဟန်(ကလေးဝ)

## ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ် သိန်း ၁၇၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ငွေကျပ်သိန်း ၁၇၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း (Toluene) များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် အကောက်ခွန် ဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင်စစ်ဆေးရေးစခန်း၌ မန္တလေးမှ လားရှိုးဘက်သို့ ဖော်မင်းလွင် မောင်းနှင်ပြီး ကောင်းမြတ်စံ လိုက်ပါလာသည့် ၁၈ ဘီး တွဲကားမော်တော်ယာဉ်အား သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသော သံပီပါများအတွင်းမှ တရားမဝင် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၇၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း(Toluene) ၁၂၈၀၀ လီတာ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရှမ်းပြည်နယ် ဟိုပန်မြို့နယ် စံပြကျေးရွာနေ ဒေါ်မေးဟိတ်က ရှမ်းပြည်နယ် ကွမ်းလုံမြို့နယ်နေ ချွေးမဖြစ်သူ မ xxx ၂၁ နှစ်ကို တရုတ်လူမျိုးတစ်ဦးထံမှ ယွမ် ၃၀၀၀၀ ချေးယူထားသဖြင့် အလုပ်လုပ်၍ဆပ်ပေးရန် ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် ကွမ်းလုံမြို့မရဲစခန်း(ပ) ၂၁/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး လားရှိုးခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်တွင် တရားခံ ဒေါ်မေးဟိတ်ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ သင်ကြားရေးဌာနများရှိအောက်ပါဘာသာရပ်များတွင် သင်ကြားရေးတာဝန်ပေးအပ်နိုင်ရန်အတွက်နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၆၀၀၀၀-၂၀၀၀-၂၇၆၀၀၀) ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည်လျှောက်လွှာများကိုမိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ဖြစ်စေ **(၂၈-၁-၂၀၂၂)ရက် (သောကြာနေ့)** နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားနိုင်ကြပါသည်-

| စဉ် | တက္ကသိုလ်/ဒီဂရီကောလိပ်၊ ကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| (၁) | ရန်ကုန်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ မနုဿဗေဒ ၁၀။ ရှေးဟောင်းသုတေသနပညာ ၁၁။ ဓာတုဗေဒ ၁၂။ ရူပဗေဒ ၁၃။ သင်္ချာ ၁၄။ သတ္တဗေဒ ၁၅။ ရုက္ခဗေဒ ၁၆။ ဘူမိဗေဒ ၁၇။ ကုန်ထုတ်ဓာတုဗေဒ ၁၈။ ကွန်ပျူတာသိပ္ပံ ၁၉။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၂၀။ စာကြည့်တိုက်နှင့်သတင်းအချက်အလက်ပညာ |
| (၂) | မန္တလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ မနုဿဗေဒ ၁၀။ ရှေးဟောင်းသုတေသနပညာ ၁၁။ ဓာတုဗေဒ ၁၂။ ရူပဗေဒ ၁၃။ သင်္ချာ ၁၄။ သတ္တဗေဒ ၁၅။ ရုက္ခဗေဒ ၁၆။ ဘူမိဗေဒ ၁၇။ ကုန်ထုတ်ဓာတုဗေဒ ၁၈။ ကွန်ပျူတာသိပ္ပံ ၁၉။ စီးပွားရေးပညာ ၂၀။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ |
| (၃) | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သင်္ချာ ၅။ ဘောဂဗေဒ ၆။ အသုံးချဘောဂဗေဒ ၇။ ဝါဏိဇ္ဇဗေဒ ၈။ စာရင်းအင်းပညာ ၉။ စီမံခန့်ခွဲမှုပညာ ၁၀။ အသုံးချစာရင်းအင်းပညာ |
| (၄) | ရန်ကုန်ပညာရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ စီးပွားရေးပညာ ၁၁။ ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု ၁၂။ သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း ၁၃။ ပညာရေးစိတ်ပညာ ၁၄။ ကာယနှင့် ကျောင်းကျန်းမာရေး |
| (၅) | မော်လမြိုင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။အဏ္ဏဝါသိပ္ပံ ၁၆။ စီးပွားရေးပညာ |
| (၆) | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ စီးပွားရေးပညာ |
| (၇) | တောင်ကြီးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ စီးပွားရေးပညာ |
| (၈) | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဓာတုဗေဒ ၆။ ရူပဗေဒ ၇။ သင်္ချာ ၈။ သတ္တဗေဒ ၉။ ရုက္ခဗေဒ ၁၀။ စီးပွားရေးပညာ ၁၁။ ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု ၁၂။ သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း ၁၃။ ပညာရေးစိတ်ပညာ ၁၄။ ကာယနှင့် ကျောင်းကျန်းမာရေး |
| (၉) | ဒဂုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးပညာ ၁၀။ မနုဿဗေဒ ၁၁။ ရှေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ သင်္ချာ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ ၁၇။ ဘူမိဗေဒ ၁၈။ ကုန်ထုတ်ဓာတုဗေဒ ၁၉။ စီးပွားရေးပညာ |
| (၁၀) | မကွေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ စီးပွားရေးပညာ |
| (၁၁) | ပုသိမ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ အဏ္ဏဝါသိပ္ပံ ၁၆။ စီးပွားရေးပညာ |
| (၁၂) | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန်ဘာသာ ၉။ ဂျာမန်ဘာသာ ၁၀။ ရုရှားဘာသာ ၁၁။ တရုတ်ဘာသာ ၁၂။ ပြင်သစ်ဘာသာ ၁၃။ ထိုင်းဘာသာ ၁၄။ ကိုရီးယားဘာသာ ၁၅။ ဘာသာဗေဒ ၁၆။ စပိန်ဘာသာ ၁၇။ အီတာလျံဘာသာ ၁၈။ လူမှုမနုဿဗေဒ |
| (၁၃) | စစ်တွေတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ အဏ္ဏဝါသိပ္ပံ ၁၆။ စီးပွားရေးပညာ |
| (၁၄) | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးပညာ ၁၀။ ဓာတုဗေဒ ၁၁။ ရူပဗေဒ ၁၂။ သင်္ချာ ၁၃။ သတ္တဗေဒ ၁၄။ ရုက္ခဗေဒ ၁၅။ ဘူမိဗေဒ ၁၆။ စီးပွားရေးပညာ |
| (၁၅) | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ နိုင်ငံတကာဆက်ဆံရေးပညာ ၈။ ဂျပန်ဘာသာ ၉။ ဂျာမန်ဘာသာ ၁၀။ ရုရှားဘာသာ ၁၁။ တရုတ်ဘာသာ ၁၂။ ပြင်သစ်ဘာသာ ၁၃။ ထိုင်းဘာသာ ၁၄။ ကိုရီးယားဘာသာ ၁၅။ ဘာသာဗေဒ ၁၆။ စပိန်ဘာသာ ၁၇။ အီတာလျံဘာသာ ၁၈။ လူမှုမနုဿဗေဒ |
| (၁၆) | မြစ်ကြီးနားတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ စီးပွားရေးပညာ |
| (၁၇) | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သင်္ချာ ၅။ ဘောဂဗေဒ ၆။ အသုံးချဘောဂဗေဒ ၇။ ဝါဏိဇ္ဇဗေဒ ၈။ စာရင်းအင်းပညာ ၉။ စီမံခန့်ခွဲမှုပညာ |
| (၁၈) | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ စီးပွားရေးပညာ |
| (၁၉) | တောင်ငူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ စီးပွားရေးပညာ |
| (၂၀) | ပြည်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ စီးပွားရေးပညာ |
| (၂၁) | ထားဝယ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ ၁၅။ စီးပွားရေးပညာ |
| (၂၂) | ရတနာပုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးပညာ ၁၀။ မနုဿဗေဒ ၁၁။ ရှေးဟောင်းသုတေသနပညာ ၁၂။ ဓာတုဗေဒ ၁၃။ ရူပဗေဒ ၁၄။ သင်္ချာ ၁၅။ သတ္တဗေဒ ၁၆။ ရုက္ခဗေဒ ၁၇။ ဘူမိဗေဒ ၁၈။ ကုန်ထုတ်ဓာတုဗေဒ ၁၉။ စာကြည့်တိုက်နှင့်သုတပညာ ၂၀။ စီးပွားရေးပညာ |
| (၂၃) | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ ဥပဒေပညာ ၈။ အရှေ့တိုင်းပညာ ၉။ နိုင်ငံတကာဆက်ဆံရေးပညာ ၁၀။ မနုဿဗေဒ ၁၁။ ဓာတုဗေဒ ၁၂။ ရူပဗေဒ ၁၃။ သင်္ချာ ၁၄။ သတ္တဗေဒ ၁၅။ ရုက္ခဗေဒ ၁၆။ ဘူမိဗေဒ ၁၇။ ကုန်ထုတ်ဓာတုဗေဒ ၁၈။ စာကြည့်တိုက်နှင့်သုတပညာ ၁၉။ စီးပွားရေးပညာ |
| (၂၄) | မိတ္ထီလာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၂၅) | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၂၆) | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သင်္ချာ ၅။ ဘောဂဗေဒ ၆။ အသုံးချဘောဂဗေဒ ၇။ ဝါဏိဇ္ဇဗေဒ ၈။ စာရင်းအင်းပညာ ၉။ စီမံခန့်ခွဲမှုပညာ |
| (၂၇) | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ ကုန်ထုတ်ဓာတုဗေဒ ၁၅။ စီးပွားရေးပညာ |
| (၂၈) | ကျောက်ဆည်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| (၂၉) | ဟင်္သာတတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၀) | ပင်လုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၁) | မအူပင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၂) | ဘားအံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၃) | ကလေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၄) | မြိတ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ အဏ္ဏဝါသိပ္ပံ ၁၅။ စီးပွားရေးပညာ |
| (၃၅) | လှိုင်ကော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၆) | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၇) | ကျိုင်းတုံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၈) | ဖားအော်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၃၉) | ပဲခူးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| (၄၀) | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ |
| (၄၁) | စစ်ကိုင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| (၄၂) | ရေနံချောင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| (၄၃) | မြင်းခြံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| (၄၄) | မိုးညှင်းတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ စီးပွားရေးပညာ |
| (၄၅) | အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ကွန်ပျူတာသိပ္ပံ ၅။ ဘောဂဗေဒ ၆။ စာရင်းအင်းပညာ ၇။ သတင်းအတတ်ပညာ ၈။ ခရီးသွားလုပ်ငန်းပညာ ၉။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ |
| (၄၆) | တောင်ကုတ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ မြို့ပြအင်ဂျင်နီယာ ၁၄။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၁၅။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၁၆။ စက်မှုအင်ဂျင်နီယာ ၁၇။ ကွန်ပျူတာသိပ္ပံ ၁၈။ ကွန်ပျူတာနည်းပညာ |
| (၄၇) | မန္တလာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ ၁၃။ ကွန်ပျူတာသိပ္ပံ ၁၄။ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုပညာ ၁၅။ စီးပွားရေးပညာ |
| (၄၈) | ဟားခါးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဥပဒေပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ ၁၄။ စီးပွားရေးပညာ ၁၅။ မြို့ပြအင်ဂျင်နီယာ ၁၆။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၁၇။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၁၈။ စက်မှုအင်ဂျင်နီယာ ၁၉။ ကွန်ပျူတာသိပ္ပံ ၂၀။ ကွန်ပျူတာနည်းပညာ |
| (၄၉) | ဟုမ္မလင်းကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |

၂။ လျှောက်ထားသူသည် -
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) ဘာသာရပ်အားလုံးအတွက် မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ခြွင်းချက်အနေဖြင့် စီးပွားရေးပညာဘာသာရပ်နှင့် နိုင်ငံခြားဘာသာစကားဘာသာရပ်များအတွက် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူ၊ ခရီးသွားလုပ်ငန်းပညာအတွက် BA(Tourism)နှင့် သတင်းအတတ်ပညာဘာသာရပ်အတွက် BA(Journalism) ရရှိသူ၊ အင်ဂျင်နီယာဘာသာရပ်များအတွက် အင်ဂျင်နီယာဘွဲ့၊ ဗိသုကာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်။
(ဂ) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူများနှင့်မဟာတန်းတက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများနှင့် မဟာသုတေသနဘွဲ့ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၃၁)ရက်နေ့တွင် ခရီးသွားလုပ်ငန်းပညာအတွက် BA(Tourism)နှင့် သတင်းအတတ်ပညာ ဘာသာရပ်အတွက် BA(Journalism) ရရှိသူများ၊ အင်ဂျင်နီယာဘာသာရပ်များအတွက် အင်ဂျင်နီယာဘွဲ့၊ ဗိသုကာဘွဲ့ရရှိသူများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနရှိ မိမိတာဝန် ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ (သို့မဟုတ်) အဆင့်မြင့်ပညာဦးစီးဌာန(နေပြည်တော်) (သို့မဟုတ်) အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ (၂၈-၁-၂၀၂၂)ရက် (သောကြာနေ့)အရောက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ တင်သွင်း လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ထောက်ခံစာမိတ္တူ၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူကို ပူးတွဲတင်ပြရမည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင်လူတွေ့စာမေးပွဲဖြေဆိုရမည်။

၆။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည် -

| စဉ် | ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၁၃-၂-၂၀၂၂ နံနက် (၉)နာရီ မှ (၁၀)နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၁၃-၂-၂၀၂၂ နံနက် (၁၀)နာရီ မှ (၁၁)နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၁၃-၂-၂၀၂၂ နံနက် (၁၁)နာရီ မှ (၁၂)နာရီ |

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် (၁၉-၂-၂၀၂၂)ရက်နေ့နှင့် (၂၀-၂-၂၀၂၂)ရက်နေ့များတွင် ကျင်းပမည် ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

သို့
ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီး
------------------------------ တက္ကသိုလ်/ ဒီဂရီကောလိပ်/ကောလိပ်

ဓာတ်ပုံ

ရက်စွဲ ၊ ----------------------------

အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း

၁။ ---------------------------------- တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်တွင် လစ်လပ်လျက်ရှိသော ------------------------------ ဘာသာရပ် နည်းပြ/သရုပ်ပြ ရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -
(က) အမည် ----------------------------------------
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
(ဂ) မွေးနေ့သက္ကရာဇ် ----------------------------------------
(ဃ) လူမျိုး ----------------------------------------
(င) ကိုးကွယ်သည့်ဘာသာ ----------------------------------------
(စ) လက်ရှိပညာအရည်အချင်းနှင့် ----------------------------------------
အောင်မြင်သည့်နှစ် ----------------------------------------
(ဆ) အဖအမည် ----------------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
အလုပ်အကိုင် ----------------------------------------
(ဇ) အမိအမည် ----------------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် ----------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
အလုပ်အကိုင် ----------------------------------------
(ဈ) ဝန်ထမ်းဖြစ်လျှင် ----------------------------------------
အလုပ်အကိုင်နှင့် ဌာန ----------------------------------------
(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ ----------------------------------------
ဖုန်းနံပါတ် ----------------------------------------
(ဋ) အမြဲတမ်းလိပ်စာ အပြည့်အစုံ ----------------------------------------
ဖုန်းနံပါတ် ----------------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် -
(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ
(ခ) ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အမှတ်စာရင်းမိတ္တူ
(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ်မိတ္တူ
(င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်
(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

လေးစားစွာဖြင့်
လက်မှတ် ----------------------------
အမည် ----------------------------

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာဦးစီးဌာန
## နေပြည်တော်
## နည်းပြ၊သရုပ်ပြ လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနရှိ ပညာရေးဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နီးစပ်ရာပညာရေးဒီဂရီကောလိပ်များတွင်အခမဲ့ရယူ၍ လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်ထားသူသည် –
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
